Myanmar
Women
in Media

# ရှေ့တန်းမျက်နှာစာမှ

# အမျိုးသမီးတို့၏အသံများ



အာဏာသိမ်းပြီး ငါးနှစ်အတွင်း မြေပြင်မှာ
သတင်းရယူနေတဲ့ အမျိုးသမီးဂျာနယ်လစ်များ

# ကျေးဇူးတင်လွှာ

မြန်မာ့မီဒီယာ အမျိုးသမီးများအဖွဲ့ (Myanmar Women in Media – MWiM) အနေဖြင့် "ရှေ့တန်းမျက်နှာစာမှ အမျိုးသမီးတို့၏ အသံများ" သုတေသနစာတမ်းကို အောင်မြင်စွာ ပြုစုထုတ်ဝေနိုင်ရန်အတွက် အဖက်ဖက်မှ ပါဝင်ကူညီပေးခဲ့ကြသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာ ဖော်ပြလိုပါသည်။

ဤသုတေသနဖြစ်မြောက်လာစေရန် အချိန်ယူ၍ အားတက်သရော ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သုတေသီနှင့် တကွ သုတေသနအဖွဲ့ဝင် MWiM အဖွဲ့သားများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ ကျွမ်းကျင်မှု၊ ကြိုးပမ်းအားထုတ်မှုနှင့် စိတ်အားထက်သန်မှုတို့သည် သုတေသန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

အထူးသဖြင့် လုံခြုံရေးဆိုင်ရာ အကန့်အသတ်များကြားမှ အချက်အလက်စုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်များကို စနစ်တကျနှင့် အသေးစိတ် ဆောင်ရွက်ခဲ့မှုများကြောင့်သာ အချက်အလက်ခိုင်မာမှုရှိသော ယခုလေ့လာမှုကို MWiM အနေဖြင့် တင်ဆက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ဤသုတေသနစီမံကိန်းအတွက် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးခဲ့သည့် "AMPLIFY Myanmar" ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ ထောက်ပံ့ကူညီမှုသည် ဤသုတေသနလုပ်ငန်းကို ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ ဆိုက်ရောက်စေရန်အတွက် အဓိကကျသော အင်အားတစ်ရပ် ဖြစ်ခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် အချက်အလက်မှန်များ ရရှိနိုင်စေရန်အတွက် မိမိတို့၏ အဖိုးတန်သော အတွေ့အကြုံနှင့် အမြင်များကို လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့် အင်တာနက် အခက်အခဲများကြားမှ ပွင့်လင်းစွာ ဖြေဆိုပေးခဲ့ကြသည့် ရှေ့တန်းမျက်နှာစာမှ အမျိုးသမီးမီဒီယာသမားများ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း (FGD) နှင့် အဓိကသက်ဆိုင်သူများကို မေးမြန်းခြင်း (KII) များတွင် ပါဝင်ပေးခဲ့ကြသူများအားလုံးကို MWiM အနေဖြင့် လေးစားစွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

ယခု Research တွင် ဓါတ်ပုံများ အသုံးပြုခွင့်ပေးသည့် ကာယကံရှင်များနှင့် ဓါတ်ပုံဆရာ၊ ဆရာမ များကိုလည်း ကျေးဇူးတင်ရှိပါသည်။

၎င်းတို့၏ အသံများသည် မြန်မာ့မီဒီယာလောကရှိ အမျိုးသမီးများ၏ ဘေးကင်းလုံခြုံရေးနှင့် အခွင့်အရေးများအတွက် အလွန်အရေးကြီးသော မှတ်တမ်းမှတ်ရာများ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

# မာတိကာ


**စာတမ်းအနှစ်ချုပ်** ........ ၁

**အခန်း ၁** **နိဒါန်း** ........ ၂

သုတေသန၏နောက်ခံအကြောင်းအရင်း ........ ၂

သုတေသန၏ရည်ရွယ်ချက် ........ ၃

**အခန်း ၂** **သုတေသနနည်းလမ်း** ........ ၄

အချက်အလက်ကောက်ယူခြင်း ........ ၄

အချက်အလက်များကိုလေ့လာဆန်းစစ်ခြင်း ........ ၅

သုတေသနဆိုင်ရာကျင့်ဝတ်နှင့်ဘေးကင်းရေး ........ ၅

သုတေသန၏ကန့်သတ်ချက်များနှင့်အခက်အခဲများ ........ ၆

**အခန်း ၃** **သုတေသနတွေ့ရှိချက်များနှင့်ဆွေးနွေးချက်များ** ........ ၇

လက်နက်ကိုင်ပဋိပက္ခဒေသအတွင်း ရှင်သန်နေထိုင်ရမှုနှင့် ဘေးကင်းရေး စိုးရိမ်ပူပန်မှုများ ........ ၇

လေကြောင်းအန္တရာယ်ဆိုင်ရာအတွေ့အကြုံနှင့်အကြောက်တရားအပေါ်အသားကျလာမှု ........ ၈

လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးနှင့် သတင်းရယူခွင့်အပေါ် ဂျန်ဒါအခြေပြု စိုးရိမ်ပူပန်မှုများ ........ ၉

ကျန်းမာရေးနှင့်ဇီဝကမ္မဆိုင်ရာစိုးရိမ်ပူပန်မှုများ ........ ၁၁

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ဂျန်ဒါအခြေပြုခြိမ်းခြောက်မှုများ ........ ၁၂

ပဋိပက္ခနှင့်ဆက်နွယ်သောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ........ ၁၂

ဒစ်ဂျစ်တယ်နှင့်အွန်လိုင်းအကြမ်းဖက်မှု ........ ၁၄

သတင်းခန်းစီမံခန့်ခွဲမှုနှင့်မူဝါဒဆိုင်ရာစိုးရိမ်ပူပန်မှုများ ........ ၁၅

၂၀၂၅ဘဏ္ဍာငွေလျှော့ချမှုနှင့်ဘေးကင်းရေးအပေါ်သက်ရောက်မှု ........ ၁၆

မူဝါဒနှင့်လက်တွေ့အကြားကွာဟချက် ........ ၁၇

ဆုံးဖြတ်ချက်ချသည့်ကဏ္ဍနှင့်ခွဲခြားဆက်ဆံမှု ........ ၁၈

စိတ်ပိုင်းဆိုင်ရာရိုက်ခတ်မှုများနှင့်လုပ်ငန်းခွင်အတွင်းကုစားရေးယန္တရားများ၏အကန့်အသတ်များ ........ ၂၀

**အခန်း ၄** **နိဂုံး** ........ ၂၂

**အခန်း ၅** **အကြံပြုချက်များ** ........ ၂၃

# စာတမ်းအနှစ်ချုပ်

ဤသုတေသနသည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခဒေသများအတွင်း သတင်းရယူနေကြသည့် အမျိုးသမီးမီဒီယာသမားများ ရင်ဆိုင်နေရသော ဘက်ပေါင်းစုံစိန်ခေါ်မှုများကို အရည်အသွေးအခြေပြု သုတေသနနည်းလမ်း ဖြင့် နက်နက်ရှိုင်းရှိုင်း လေ့လာဆန်းစစ်ထားခြင်း ဖြစ်သည်။ သုတေသနအတွက် အချက်အလက်များကို ပဋိပက္ခဇုန်အသီးသီးမှ အမျိုးသမီး သတင်းထောက် (၃၀) ဦးအား တစ်ဦးချင်းအသေးစိတ် မေးမြန်းခြင်း ၊ မီဒီယာကဏ္ဍမှ အဓိကတာဝန်ရှိသူ (၇) ဦးအား မေးမြန်းခြင်းနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း နည်းလမ်းများဖြင့် ပေါင်းစပ်ကောက်ယူခဲ့ပြီး၊ ရရှိလာသော အချက်အလက်များကို အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာခြင်းနည်းလမ်းဖြင့် ဖော်ထုတ်တင်ပြထားသည်။

သုတေသနတွေ့ရှိချက်များအရ အမျိုးသမီးမီဒီယာသမားများသည် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးအန္တရာယ်များကြားတွင် အကြောက်တရားအပေါ် အသားကျအောင် ကြိုးစားရှင်သန်နေရသော်လည်း၊ ပြင်းထန်သော စိတ်ဒဏ်ရာနှင့် အမြဲတမ်းစိုးရိမ်စိတ် တို့ကို သိသာထင်ရှားစွာ ခံစားနေရကြောင်း တွေ့ရှိရသည်။ ဂျန်ဒါအခြေပြု စိန်ခေါ်မှုများအနေဖြင့် စစ်ဆေးရေးဂိတ်များနှင့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ၊ အွန်လိုင်းမှတစ်ဆင့် မိသားစုကို ပစ်မှတ်ထားခြိမ်းခြောက်မှုများနှင့် အယ်ဒီတာအဖွဲ့များ၏ "ကာကွယ်မှုအသွင်ဆောင်သော ခွဲခြားမှု" တို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ကန့်သတ်ခံနေရသည်။ ထို့ပြင် ရေအရင်းအမြစ် ရှားပါးမှုနှင့် အမျိုးသမီးသုံးပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုကဲ့သို့သော ဇီဝကမ္မဆိုင်ရာ အခက်အခဲများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လုပ်ငန်းခွင်အတွင်း ရေရှည်ရပ်တည်နိုင်စွမ်းကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသည်။ စီမံခန့်ခွဲမှုအပိုင်းတွင် ၂၀၂၅ ခုနှစ်၏ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဘေးကင်းရေးနှင့် ဂျန်ဒါမူဝါဒများမှာ လက်တွေ့အကောင်အထည်ဖော်မှု အားနည်းနေပြီး၊ လက်ရှိကျင့်သုံးနေသော နှစ်သိမ့်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များသည်လည်း မြေပြင်သတင်းထောက်များ၏ ပကတိလိုအပ်ချက်ဖြစ်သော "ရှင်သန်ရေးပံ့ပိုးမှု"နှင့် ကွာဟနေကြောင်း ဆန်းစစ်တွေ့ရှိရသည်။

ထို့ကြောင့် မီဒီယာအဖွဲ့အစည်းများနှင့် အလှူရှင်များအနေဖြင့် အမျိုးသမီးသတင်းထောက်များအတွက် ကျား/မ ရေးရာဗဟိုပြုသော ဘေးကင်းရေးမူဝါဒများကို လက်တွေ့ကျင့်သုံးရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် စကားပြောရုံသက်သက်မဟုတ်သည့် ဘက်စုံကုစားမှုအဖြစ် ကျန်းမာရေးအာမခံ၊ ဝင်ငွေဖူလုံမှုနှင့် အရေးပေါ်ရှင်သန်ရေး ရန်ပုံငွေများကို ဦးစားပေးပံ့ပိုးပေးရန် အကြံပြုအပ်ပါသည်။ ထို့ပြင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း သတင်းထောက်များ၏ ဂုဏ်သိက္ခာနှင့် သတင်းရယူပိုင်ခွင့်ကို အသိအမှတ်ပြုလေးစားရန် မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းမှုများကို အရေးပေါ်လုပ်ဆောင်ရန် လိုအပ်ကြောင်း ဤသုတေသနက မီးမောင်းထိုးပြလျက်ရှိသည်။

# အခန်း (၁) နိဒါန်း

## သုတေသန၏ နောက်ခံအကြောင်းအရင်း



မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဖြစ်ပေါ်လာသော နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခများသည် ပြည်တွင်း လွတ်လပ်သော သတင်းမီဒီယာလောက အပေါ်ကြီးမားသောရိုက်ခတ်မှုများ ရှိခဲ့ပါသည်။ အာဏာသိမ်းမှုနောက်ဆက်တွဲ ဖြစ်ပေါ်လာသော လက်နက်ကိုင်ပဋိပက္ခဒေသများအတွင်း သတင်းရယူရသော သတင်းထောက်များအတွက် ဘေးကင်းလုံခြုံရေးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဓိကစိန်ခေါ်မှု ဖြစ်လာသည်။ ထိုစိန်ခေါ်မှုများကြားတွင် အမျိုးသမီးသတင်းထောက်များသည် အမျိုးသားများထက် ဘက်ပေါင်းစုံမှရိုက်ခတ်လျက်ရှိသော စိန်ခေါ်မှုမျိုးစုံဖြစ်သည့် "ဂျန်ဒါအခြေပြု စိန်ခေါ်မှုများ" ကို ပိုမိုရင်ဆိုင်နေရသည်။ ဤစိန်ခေါ်မှုများသည် ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များသာမက ဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များ၊ လူမှုယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများနှင့် မူဝါဒပိုင်းဆိုင်ရာ လစ်ဟင်းမှုများအထိ ပျံ့နှံ့နေသော်လည်း၊ ယင်းအခြေအနေများကို စနစ်တကျ မှတ်တမ်းတင်ထားသည့် သုတေသနများမှာ မြန်မာ့မီဒီယာလောကတွင် အလွန်နည်းပါးနေပါသေးသည်။

ယခင်က ပြုလုပ်ခဲ့သော မီဒီယာဘေးကင်းရေးဆိုင်ရာ လေ့လာမှုအများစုသည် သတင်းသမားများအပေါ် ကျရောက်သည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ဥပဒေကြောင်းအရ ဖိနှိပ်ချုပ်ချယ်မှုများကိုသာ အဓိကထား၍ အစီရင်ခံ တင်ပြလေ့ရှိကြသည်။ သို့သော် မြန်မာ့ပဋိပက္ခ၏ ထူးခြားသော အခြေအနေများအရ အမျိုးသမီးသတင်းထောက်များသည် အထွေထွေ စစ်ဘေးအန္တရာယ်များအပြင် နှစ်ထပ်ကွမ်း အကျပ်အတည်း ဟု ခေါ်ဆိုနိုင်သည့် ဂျန်ဒါအခြေပြု ခွဲခြားဆက်ဆံမှုများ၊ အွန်လိုင်းမှ ပစ်မှတ်ထား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများနှင့် သတင်းခန်းအတွင်းရှိ မူဝါဒဆိုင်ရာ လစ်ဟင်းမှုများကိုပါ တပြိုင်နက် ရင်ဆိုင်နေရကြောင်း ကနဦး လေ့လာဆန်းစစ်ချက်များအရ တွေ့ရှိရသည်။ ဤသို့သော ထပ်ဆင့်ဘေးအန္တရာယ်များသည် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် အဓိက အဟန့်အတားများ ဖြစ်နေသော်လည်း၊ ယင်းတို့ကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် ဂျန်ဒါအခြေပြု မူဝါဒများမှာ မြေပြင်တွင် လက်တွေ့အသုံးချနိုင်မှု အားနည်းနေဆဲဖြစ်သည်။

ဤအခြေအနေများကြောင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခဒေသများတွင် သတင်းရယူနေသော အမျိုးသမီး မီဒီယာသမားများအတွက် အဓိကကျသော ပြဿနာရပ် (၃) ခု ပေါ်ပေါက်လျက်ရှိသည်။

ပထမဦးစွာ၊ ရှေ့တန်းစစ်မျက်နှာများနှင့် စစ်ဆေးရေးဂိတ်များတွင် အမျိုးသမီးများသည် တိုက်ပွဲ အန္တရာယ်တင်မကဘဲ အမျိုးသမီးဖြစ်ခြင်းကြောင့် ကြုံတွေ့ရနိုင်သည့် လိင်အခြေပြု အကြမ်းဖက်မှု (GBV/CRSV) ဆိုင်ရာ ခြိမ်းခြောက်မှုများကိုပါ ထပ်ဆင့်ရင်ဆိုင်နေရသည်။ သို့သော် လက်ရှိ သင်ကြားပေးနေသော အန္တရာယ်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး သင်တန်း (HEAT) နှင့် ဘေးကင်းရေးလမ်းညွှန်ချက်များသည် အမျိုးသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် လုံခြုံရေး အခြေအနေများကိုသာ အဓိကဗဟိုပြု၍ ဒီဇိုင်းထုတ်ထားသည်က ပိုမိုလွှမ်းမိုးသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် သီးသန့်လိုအပ်သော ဘေးကင်းရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် ၎င်းတို့၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံနှင့် ကိုက်ညီသော အကာအကွယ်ပစ္စည်းများ (ဥပမာ– အမျိုးသမီးများအတွက် သီးသန့်ထုတ်လုပ်ထားသော ကျည်ကာအင်္ကျီ) မှာ မြေပြင်တွင် ရရှိနိုင်မှု လစ်ဟင်းလျက်ရှိသည်။

ဒုတိယအနေဖြင့်၊ ပဋိပက္ခဒေသအတွင်း လစဉ်သုံးပစ္စည်းများ ရရှိမှုခက်ခဲခြင်းနှင့် သန့်ရှင်းသော မိလ္လာစနစ်မရှိခြင်းကဲ့သို့သော ဇီဝကမ္မလိုအပ်ချက်များကို လျစ်လျူရှုထားမှုသည် သတင်းထောက်များ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စွမ်းဆောင်ရည်ကို တိုက်ရိုက်ထိခိုက်စေသည့်အပြင်၊ ယင်းကို သတင်းခန်းများ၏ ဘေးကင်းရေးမူဝါဒများတွင် ထည့်သွင်းစဉ်းစားခြင်း မရှိသလောက် နည်းပါးနေခြင်းမှာ မူဝါဒပိုင်းဆိုင်ရာ လစ်ဟာမှုတစ်ခု ဖြစ်နေသည်။

နောက်ဆုံးတွင်၊ ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေများ လျော့နည်းလာမှုနှင့်အတူ စီးပွားရေး အကျပ်အတည်းများကြောင့် ကျွမ်းကျင်အမျိုးသမီးသတင်းထောက်များ လုပ်ငန်းခွင်မှ စွန့်ခွာနေရသည့် အခြေအနေမှာလည်း မြန်မာ့မီဒီယာလောကအတွက် အစားထိုးမရနိုင်သော အသံများနှင့် လူသားအရင်းအမြစ်များ ဆုံးရှုံးမှု ဖြစ်လာစေသည်။

## သုတေသန၏ ရည်ရွယ်ချက်

ဤသုတေသနသည် မြေပြင်မှ အမျိုးသမီးမီဒီယာသမားများ၏ အသံကို နားထောင်ပြီး ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ကျသော မြေပြင်ထောက်ပံ့မှုဆိုင်ရာ အခက်အခဲများကို စနစ်တကျ မှတ်တမ်းတင်ရန် ရည်ရွယ်သည်။ ဤသုတေသနမှတစ်ဆင့် –

၁။ ပဋိပက္ခဒေသများတွင် သတင်းရယူနေသော အမျိုးသမီးမီဒီယာသမားများ ရင်ဆိုင်နေရသည့် ဂျန်ဒါအခြေပြု ဘေးအန္တရာယ်များနှင့် ထူးခြားသော စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ရန်။

၂။ ဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များဖြစ်သော ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အတားအဆီးများက အမျိုးသမီးမီများ၏ လုပ်ငန်းခွင်ရပ်တည်မှုအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို လေ့လာဆန်းစစ်ရန်။

၃။ လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို အခြေခံ၍ သတင်းဌာနများနှင့် သက်ဆိုင်ရာ ဒေသအသီးသီးရှိ မူဝါဒရေးရာနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွက် လက်တွေ့ကျသော ကျား/မ ရေးရာဗဟိုပြု ဘေးကင်းလုံခြုံရေးဆိုင်ရာ အကြံပြုချက်များ ဖော်ထုတ်ရန် ဖြစ်ပါသည်။

# အခန်း (၂) သုတေသန နည်းလမ်း

ဤသုတေသနသည် မြန်မာနိုင်ငံရှိ ပဋိပက္ခဒေသများတွင် သတင်းယူလျက်ရှိသော အမျိုးသမီးသတင်းထောက်များ၏ ဘေးကင်းလုံခြုံရေးနှင့် စိန်ခေါ်မှုများကို နက်နက်ရှိုင်းရှိုင်း နားလည်နိုင်ရန်အတွက် **အရည်အသွေးအခြေပြု သုတေသနနည်းလမ်း** ဖြင့် ဆန်းစစ်မှုပြုလုပ်ထားခြင်း ဖြစ်သည်။

မြေပြင်မှ အမျိုးသမီးသတင်းထောက်များ၏ ကိုယ်တွေ့အတွေ့အကြုံများနှင့် ခံစားချက်များကို အသေးစိတ် ဖော်ထုတ်နိုင်ရန်အတွက် **ဖြစ်စဉ်အခြေပြု ဆန်းစစ်လေ့လာသည့် နည်းလမ်း** ကို အသုံးပြုထားပါသည်။ ဤချဉ်းကပ်မှုပုံစံဖြင့် အရေအတွက် ပြကိန်းဂဏန်းများထက် ဖြစ်ရပ်တစ်ခုချင်းစီ၏ ဖြစ်တည်မှုနောက်ကွယ်မှ 'အကြောင်းရင်း' နှင့် 'ပကတိအခြေအနေ' တို့ကို ပိုမို ထိရောက်စွာ ဦးစားပေးလေ့လာထားပါသည်။

## အချက်အလက်ကောက်ယူခြင်း

သုတေသနအတွက် လိုအပ်သော အချက်အလက်များကို အွန်လိုင်းဆက်သွယ်ရေးစနစ်များ ဖြစ်သော Zoom, Signal နှင့် Telegram ကဲ့သို့သော လုံခြုံစိတ်ချရသော အသံဖြင့် ဆက်သွယ်ခေါ်ဆိုမှု စနစ်များမှတစ်ဆင့် ရယူခဲ့ပါသည်။ ထိုသို့ပြုလုပ်ခဲ့မှု များကို အောက်ပါ နည်းလမ်း (၃) ခုဖြင့် ပေါင်းစပ်ကောက်ယူခဲ့ပါသည် –

| | |
|---|---|
| တစ်ဦးချင်းအသေးစိတ် မေးမြန်းခြင်း | ပဋိပက္ခဒေသအသီးသီးမှ အမျိုးသမီးသတင်းထောက် (၃၀) ဦးကို အသေးစိတ် တစ်ဦးချင်း မေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ ဘေးကင်းလုံခြုံရေး၊ ကျား/မ ရေးရာအခြေပြု ထူးခြားသော ကျန်းမာရေးလိုအပ်ချက်များနှင့် အထူးသဖြင့် ပဋိပက္ခဒေသ များအတွင်း ကြုံတွေ့ရနိုင်ခြေရှိသည့် **ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု (CRSV – Conflict-Related Sexual Violence)** ဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အတွေ့အကြုံများကို ဖြေဆိုသူများ၏ လုံခြုံရေးနှင့် စိတ် ပိုင်းဆိုင်ရာ အဆင်ပြေမှုကို အလေးထားသော ပတ်ဝန်းကျင်တစ်ခုအတွင်း နက် နက်ရှိုင်းရှိုင်းနှင့် ပွင့်လင်းမြင်သာစွာ ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ |
| အဓိက သက်ဆိုင်သူများကို မေးမြန်းခြင်း | မီဒီယာဌာနများမှ အယ်ဒီတာများ၊ မီဒီယာဖွံ့ဖြိုးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ နှင့် အမျိုးသမီး အရေး လှုပ်ရှားသူ စုစုပေါင်း (၇) ဦးကို မေးမြန်း ခဲ့ပါသည်။ ဤအဆင့်တွင် အဖွဲ့အစည်းဆိုင်ရာ မူဝါဒများနှင့် ရန်ပုံငွေဆိုင်ရာ အခြေအနေများကို ဆန်းစစ်ခဲ့ပါသည်။ |
| ဦးတည်အုပ်စု ဆွေးနွေးခြင်း | အမျိုးသမီးသတင်းထောက်များ၊ အမျိုးသားသတင်းထောက်များ နှင့် မီဒီယာ သမားများ ပူးပေါင်းပါဝင်သော အဖွဲ့ငယ် (၂) ဖွဲ့ကို ဖွဲ့စည်းကာ ဆွေးနွေးပွဲ များ ပြုလုပ်ခဲ့ပါသည်။ အမျိုးသားလုပ်ဖော်ကိုင်ဖက်များ ပါဝင်ခြင်းကြောင့် အမျိုးသမီးများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပေါ် ရှုထောင့်ပေါင်းစုံမှ အတည်ပြု ဆန်းစစ်နိုင်ခဲ့ပါသည်။ |

## အချက်အလက်များကို လေ့လာဆန်းစစ်ခြင်း

ကောက်ယူရရှိထားသော ဒေတာများကို QDA ဆော့ဖ်ဝဲလ်ကို အသုံးပြု၍ အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာခြင်းနည်းလမ်းဖြင့် အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။ အချက်အလက်များကို ပိုမိုစနစ်ကျစေရန် အသံဖိုင်များကို စာသားအဖြစ် ပြောင်းလဲပြီး၊ အဓိက စကားလုံးများကို ကုဒ်များသတ်မှတ်ကာ၊ ဆက်စပ်နေသောကုဒ်များကို စုစည်း၍ အဓိကအကြောင်းအရာများ ဖော်ထုတ်ပြီး၊ ဖော်ထုတ်ရရှိသော ရလဒ်များကို မူရင်းအချက်အလက်များနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးကာ ခွဲခြမ်းစိတ်ဖြာခြင်း ပြုလုပ်ခဲ့ပါသည်။

## သုတေသနဆိုင်ရာ ကျင့်ဝတ်နှင့် ဘေးကင်းရေး

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ ဖြေဆိုသူများ၏ ဘေးကင်းရေးမှာ အလွန်အရေးကြီးသဖြင့် အောက်ပါကျင့်ဝတ်များကို တိကျစွာ လိုက်နာခဲ့ပါသည် -

| | |
|---|---|
| အမည်မဖော်ပြခြင်း | ဖြေဆိုသူများ၏ အမည်၊ ဌာနနှင့် တည်နေရာများကို လျှို့ဝှက်ထားပြီး အမည်လွှဲ များသာ အသုံးပြုပါသည်။ |
| သဘောတူညီချက် ရယူခြင်း | ဖြေဆိုသူများကို သုတေသန၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ပြောပြပြီး ၎င်းတို့၏ သဘောတူညီချက်ဖြင့်သာ မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ |
| အချက်အလက် လုံခြုံရေး | မေးမြန်းမှုပြုလုပ်ထားသော အချက်အလက်ဆိုင်ရာ ဖိုင်များကို သုတေသနအဖွဲ့မှ လွဲ၍ မည်သည့်သူမျှ ကြည့်ရှု၍မရနိုင်အောင် စနစ်များအတွင်း စနစ်တကျ သိမ်းဆည်းထားပါသည်။ |

## သုတေသန၏ ကန့်သတ်ချက်များနှင့် အခက်အခဲများ

သုတေသနအတွက် အချက်အလက်ကောက်ယူရာတွင် မေးမြန်းသူများသည် အောက်ပါ လုပ်ငန်းစဉ်ဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရပြီး ယင်းတို့သည် သုတေသန၏ ကန့်သတ်ချက်များလည်း ဖြစ်ပါသည် –

မေးမြန်းခဲ့သူများထဲတွင် လုပ်သက်နုနယ်သော သတင်းထောက်များ၊ PDF ရဲဘော်ဘဝမှ ကူးပြောင်းလာသူများ ပါဝင်နေသဖြင့် ၎င်းတို့၏ လုံခြုံရေးနှင့် **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု/ထိပါးနှောင့်ယှက်မှုဆိုင်ရာ** စိုးရိမ်မှုများကြောင့် အချို့သော ကိုယ်တွေ့အချက်အလက်များကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုရန် ဝန်လေးမှုများ ရှိခဲ့သည်။

လွတ်မြောက်နယ်မြေများမှ ပါဝင်ဖြေဆိုပေးသူများသည် အင်တာဗျူးဖြေဆိုနေစဉ် ကာလအတွင်း လေကြောင်း တိုက်ခိုက်မှုဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖြေဆိုသူများဘက်မှ အစဉ်တစိုက် ခံစားနေရခြင်းက ဒေတာကောက်ယူသည့် လုပ်ငန်းစဉ်ကို အရှိန်အဟုန်ပျက်စေခဲ့သည်။

ပဋိပက္ခဒေသများတွင် အင်တာနက်နှင့် ဖုန်းလိုင်းများ မကြာခဏ ပြတ်တောက်ခြင်း၊ လိုင်းဆွဲအားနည်းခြင်းတို့ကြောင့် မေးမြန်းမှုလုပ်ငန်းစဉ်များ ကြန့်ကြာမှုရှိခဲ့သည်။ ထို့ပြင် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရခြင်းဖြစ်၍ ဖြေဆိုသူများ၏ ဒစ်ဂျစ်တယ်လုံခြုံရေးကို အထူးသတိပြု ကိုင်တွယ်ခဲ့ရသည်။





# အခန်း (၃)

# သုတေသန တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များ



## လက်နက်ကိုင်ပဋိပက္ခဒေသအတွင်း ရှင်သန်နေထိုင်ရမှုနှင့် ဘေးကင်းရေး စိန်ခေါ်မှုများ

မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခဒေသများတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးမီဒီယာသမားများ၏ ရှင်သန်နေထိုင်ရမှုအခြေအနေသည် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ဂျန်ဒါအခြေပြုစိန်ခေါ်မှုများနှင့် ဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များ အကြား ရှုပ်ထွေးစွာ ဆက်နွှယ်နေကြောင်း တွေ့ရှိရသည်။ ၎င်းတို့၏ နေ့စဉ်ဘဝသည် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများအောက်တွင် အကြောက်တရားအပေါ် စိတ်ပိုင်းဆိုင်ရာ ခုခံကာကွယ်မှုယန္တရားများဖြင့် အသားကျအောင် ကြိုးစား နေထိုင်ရသည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။ သတင်းထောက်များသည် "အန္တရာယ်ရှိရာသည် သတင်းဖြစ်ရာ" ဟူသော ခံယူချက်ဖြင့် ဒေသခံများ ဘေးလွတ်ရာ ရှောင်တိမ်းချိန်တွင် အန္တရာယ်ဇုန်အတွင်း ဆက်လက်ကျန်ရစ်ကာ သတင်းမှတ်တမ်းတင်ရန် ရွေးချယ် ကြသော်လည်း၊ ဤဖြစ်စဉ်နောက်ကွယ်၌ ပြင်းထန်သော အာရုံခံစားမှုဆိုင်ရာ စိတ်ဒဏ်ရာနှင့် အမြဲတမ်းစိုးရိမ်စိတ်တို့သည် ၎င်း တို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ရေရှည်ခြိမ်းခြောက်လျက်ရှိသည်။

အခြားတဖက်တွင်လည်း နယ်မြေခံလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် သတင်းလွတ်လပ်ခွင့်ထက် စစ် ရေးလုံခြုံရေးမူဝါဒများနှင့် ချိန်ညှိဆောင်ရွက်နေရသည့် အခက်အခဲများ ရှိနေသည်။ အထူးသဖြင့် သတင်းထောက်၏ တည်ရှိ မှုကို "ဒလန်" ဟု သံသယရှိခြင်းနှင့် စွပ်စွဲခံရခြင်းများသည် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ထိခိုက်စေရုံသာမက သတင်းရင်းမြစ် တည်ဆောက်ရေးကိုပါ အဟန့်အတား ဖြစ်စေသည်။ ဂျန်ဒါအခြေပြု ရှုထောင့်မှ ကြည့်လျှင်လည်း အမျိုးသမီးဖြစ်ခြင်းကြောင့် ရှေ့တန်းစစ်မျက်နှာပြင်များသို့ သတင်းသွားယူရာတွင် ကန့်သတ်ခံရမှုများ ရှိနေသကဲ့သို့၊ စစ်ဆေးရေးဂိတ်များနှင့် ထိတွေ့ ဆက်ဆံရာတွင်လည်း ဂျန်ဒါရေးရာအခြေပြု နှောင့်ယှက်မှုများကို ရင်ဆိုင်နေရသည်။ သတင်းဌာနအများစုသည်လည်း မြေပြင် သတင်းထောက်များအတွက် ကြိုတင်ညှိနှိုင်းပေးသည့် စနစ်တကျ မူဝါဒများထက် ပြဿနာဖြစ်ပွားပြီးမှ ဖြေရှင်းသည့်ကိုသာ ပိုမို ကျင့်သုံးနေကြသည်ကို တွေ့ရှိရသည်။

ထို့ပြင် ပဋိပက္ခဇုန်အတွင်းရှိ အခြေခံအဆောက်အအုံ ပျက်စီးမှုနှင့် ရေအရင်းအမြစ် ရှားပါးမှုတို့သည် အမျိုးသမီးမီဒီယာသမားများ၏ ဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များနှင့် တကိုယ်ရေသန့်ရှင်းမှုကို တိုက်ရိုက်ထိခိုက်စေသည်။ ဓမ္မတာလာချိန်တွင် လိုအပ်သော ပစ္စည်းများနှင့် သန့်ရှင်းသောရေ မရရှိခြင်း၊ ဈေးနှုန်းအဆမတန် မြင့်တက်ခြင်းနှင့် ဆေးဝါးပြတ်လပ်ခြင်းတို့သည် ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် အခြားသော ရုပ်ပိုင်းဆိုင်ရာ ဝေဒနာများကို ဖြစ်စေကာ လုပ်ငန်းစွမ်းဆောင်ရည်အပေါ် သိသာထင်ရှားသော အဟန့်အတားများ ဖြစ်စေသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခဒေသအတွင်းရှိ အမျိုးသမီးမီဒီယာသမားများ၏ ဘေးကင်းရေးသည် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှု သက်သက်ထက်ကျော်လွန်၍ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ကုစားမှု၊ ဂျန်ဒါရေးရာ လေးစားလိုက်နာမှုနှင့် အခြေခံဇီဝကမ္မလိုအပ်ချက်များ ဖြည့်ဆည်းပေးမှုတို့အပေါ်တွင်လည်း အဓိကမူတည်နေကြောင်း တွေ့ရသည်။

## လေကြောင်းအန္တရာယ်ဆိုင်ရာ အတွေ့အကြုံနှင့် အကြောက်တရားအပေါ် အသားကျလာမှု

လက်နက်ကိုင်ပဋိပက္ခဒေသများတွင် သတင်းယူလျက်ရှိကြသော အမျိုးသမီးမီဒီယာသမားများအတွက် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများသည် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ ဖြစ်တည်နေသည်ကို တွေ့ရှိရသည်။ အဆိုပါ အသက်အန္တရာယ်များနှင့် ထိတွေ့ရမှုသည် သတင်းထောက်များ၏ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုဖြစ်စဉ်ကို အဆင့်ဆင့်ပြောင်းလဲစေခဲ့သည်။ ကနဦးတွင် ပြင်းထန်သော ထိတ်လန့်တုန်လှုပ်မှု၊ ငိုကြွေးခြင်းနှင့် အိပ်မပျော်ခြင်းကဲ့သို့သော လက္ခဏာများ ကြုံတွေ့ရသော်လည်း၊ အန္တရာယ်နှင့် ရေရှည်ထိတွေ့လာရသည့်အခါတွင် အကြောက်တရားအပေါ် အသားကျလာခြင်း ဖြစ်စဉ်သို့ ကူးပြောင်းသွားကြောင်း တွေ့ရှိရသည်။ ဤဖြစ်စဉ်ကို ဖြေဆိုသူတစ်ဦးက **“စစချင်းကြုံတွေ့ချိန်မှာ အရမ်းကြောက်ပြီး ငိုမိရယ်မိ အိပ်မပျော်မှုတွေ ဖြစ်ခဲ့ပေမယ့် ကြာလာတဲ့အခါမှာတော့ လာပစ်လို့ ကိုယ်မသေသေးတဲ့အခါ အော် ငါမသေသေးဘူးဆိုပြီး လုပ်စရာရှိတာတွေကို ဆက်လုပ်ဖြစ်ပါတယ်”** ဟု ၎င်း၏ အတွေ့အကြုံကို ရှင်းပြထားသည် (IDI-005)။ ဤသည်မှာ အန္တရာယ်ရှိသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်နိုင်စွမ်းရှိရန် စိတ်ပိုင်းဆိုင်ရာက ခုခံကာကွယ်မှုယန္တရား တစ်ခုကို တည်ဆောက်လိုက်ခြင်းလည်း ဖြစ်သည်။

သတင်းထောက်များ၏ တာဝန်ဝတ္တရားနှင့် အန္တရာယ်ကြား ဆက်နွယ်မှုကို ဆန်းစစ်ကြည့်လျှင် “အန္တရာယ်ရှိရာသည် သတင်းဖြစ်ရာ” ဟူသော ခံယူချက်က ၎င်းတို့အား ရှေ့ဆက်ရန် တွန်းအားပေးနေသည်ကို တွေ့ရသည်။ ဒေသခံပြည်သူများမှာ အန္တရာယ်ရှိလာလျှင် ဘေးလွတ်ရာသို့ တိမ်းရှောင်နိုင်သော်လည်း၊ သတင်းထောက်များမှာမူ သတင်းဖြစ်စဉ်ကို တိကျစွာ မှတ်တမ်းတင်နိုင်ရန် ထိုအန္တရာယ်ဇုန်အတွင်း၌ပင် ဆက်လက်ကျန်ရစ်နေထိုင်ကြရသည်။ ဖြေဆိုသူ IDI-005 ၏ အဆိုအရ **“သတင်းထောက်ဖြစ်နေလို့ ဒီနေရာမှာ လက်နက်ကြီးကျထားတယ်ဆိုရင် ဒီမြင်ကွင်းတွေကိုကြောက်ပြီး မသွားလို့မရဘူး။ သွားမှသာ ဒီသတင်းကို ဖော်ပြနိုင်မယ်။ ... ဒေသခံတွေက စစ်ရှောင်သွားပေမယ့် ကိုယ်ကလိုက်ရှောင်လို့မရဘူး”** ဟု ဆိုသည်။ ၎င်းတို့သည် သတင်းရရှိမှုအပေါ် အသက်အန္တရာယ်ထက် ပိုမိုဦးစားပေးထားပြီး၊ ရှေ့တန်းရဲဘော်များနှင့်အတူ နေထိုင်ကာ အချိန်မရွေး ပစ်မှတ်ထားခံရနိုင်သည့် အခြေအနေကို လက်ခံထားကြခြင်းဖြစ်သည်။



သို့သော် ဤကဲ့သို့ အသားကျအောင် ကြိုးစားနေထိုင်ကြရခြင်းသည် စိတ်ပိုင်းဆိုင်ရာ တင်းမာမှု ကင်းစင်သွားခြင်းကို ဆိုလိုသည်ဟု အဓိပ္ပာယ် မသက်ရောက်ချေ။ လေကြောင်းရန်အတွက် အမြဲတမ်းသတိနှင့် ရှင်သန်နေရခြင်းက သတင်းထောက်များအပေါ် ကြီးမားသော စိတ်ဖိစီးမှု

သက်ရောက်စေသည်။ အထူးသဖြင့် ဂျက်ဖိုက်တာလေယာဉ်များ၏ လျင်မြန်သော တုံ့ပြန်မှုနှုန်းကို စိုးရိမ်ရသည့် အခြေအနေနှင့် ပတ်သက်၍ **“ဖိုက်တာ တက်လာပြီဆိုရင် ၇ မိနစ်ပဲ ကြာရင် ရောက်ပြီလေ၊ ဒီဖက်က ကြားလို့ ပြေးနေတုန်းရှိသေး လေယာဉ်က ချက်ချင်း ရောက်လာတယ်”** (IDI–013) ဟု ဖြေဆိုသူတစ်ဦးက တုန်လှုပ်စွာ ပြောကြားခဲ့သည်။ လေယာဉ်သံကြားသည်နှင့် “ဘယ်ပြေးရမလဲ” ဆိုသည်မှာ ၎င်းတို့၏ ဦးနှောက်အတွင်း ပထမဆုံးဝင်လာသည့် အတွေးဖြစ်ပြီး၊ ဤစိုးရိမ်စိတ်သည် ပုံမှန်အခြေအနေတွင်ပင် လွှမ်းမိုးနေကာ လမ်းပေါ်မှ ကားသံကိုပင် လေယာဉ်သံဟု ထင်ယောင်ထင်မှား ဖြစ်စေသည်အထိ စိတ်ပိုင်းဆိုင်ရာကို ရိုက်ခတ်စေကြောင်း တွေ့ရှိရသည်။

ထို့ပြင် မြင်ကွင်းနှင့် အသံများမှတစ်ဆင့် ရရှိလာသော စိတ်ဒဏ်ရာများမှာလည်း သတင်းထောက်များအတွက် ရေရှည် ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်။ ဗုံးကြဲခံရမှုကြောင့် ပြန့်ကြဲနေသော လူသားအစိတ်အပိုင်းများနှင့် ကလေးငယ်များ၏ ရုပ်အလောင်းများကို မြင်တွေ့ရသည့် အတွေ့အကြုံများသည် သတင်းထောက်များအတွက် ဖျောက်ဖျက်ရခက်သော အိပ်မက်ဆိုးများ ဖြစ်လာစေသည်။ **“ကျောင်းသူလေး လေးယောက် သေသွားတာကို မြင်ခဲ့ရတယ်။ သွေးထွက်သံယိုကိစ္စတွေက အမြဲလိုကြုံနေရတော့ ... G12 ကျောင်းသူလေးတွေရဲ့ မျက်နှာတွေကို မြင်ယောင်နေတာ စတာတွေဖြစ်တယ်”** (IDI–030)ဟု ဖြေဆိုသူတစ်ဦးက ဝမ်းနည်းစွာ မှတ်တမ်းတင်ထားသည်။ ပဋိပက္ခဒေသရှိ အမျိုးသမီးမီဒီယာသမားများသည် လေကြောင်းအန္တရာယ်နှင့် ထိတွေ့ရာတွင် ကြောက်ရွံ့မှုကို ပုံမှန်ဖြစ်စဉ်တစ်ခုအဖြစ် လက်ခံနိုင်ရန် ကြိုးစားနေကြရသော်လည်း၊ ထိုဖြစ်စဉ်နောက်ကွယ်တွင် ပြင်းထန်သော စိတ်ဒဏ်ရာများနှင့် အမြဲတမ်းစိုးရိမ်စိတ်တို့မှာ ၎င်းတို့၏ နေ့စဉ်ဘဝနှင့် အလုပ်အကိုင်အပေါ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေကြောင်း ဤလေ့လာမှုအရသိရှိရသည်။

## လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးနှင့် သတင်းရယူခွင့်အပေါ် ဂျန်ဒါအခြေပြု စိန်ခေါ်မှုများ

ပဋိပက္ခဒေသများအတွင်း သတင်းရယူလှုပ်ရှားနေကြသော အမျိုးသမီးမီဒီယာသမားများအတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရမှုသည် အထူးဂရုပြုကိုင်တွယ်ရသော အခြေအနေတစ်ရပ် ဖြစ်နေသည်ကို တွေ့ရှိရသည်။ အဆိုပါဆက်ဆံရေးတွင် စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကြောင့် သတင်းစီးဆင်းမှုအပေါ် ထိန်းသိမ်းရသည့် အခြေအနေများ ရှိနေပြီး၊ ဖြေဆိုသူ IDI–013 ၏ အဆိုအရ သတင်းထောက်များသည် သတင်းလွတ်လပ်ခွင့်ထက် နယ်မြေခံအဖွဲ့အစည်းများ၏ စစ်ရေးလုံခြုံမှုဆိုင်ရာ မူဝါဒများနှင့် ချိန်ညှိဆောင်ရွက်နေရသည့် အခြေအနေသို့ ရောက်ရှိနေသည်။

သတင်းထောက်များအပေါ် ထားရှိသည့် "ယုံကြည်မှု" ဆိုင်ရာ အမြင်များကို ဆန်းစစ်လျှင် လေကြောင်းတိုက်ခိုက်မှုများနှင့် သတင်းထောက်၏ တည်ရှိမှုကြား ဆက်စပ်မှုကို နားလည်မှုလွဲမှားခြင်းသည် လုံခြုံရေးအရ ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ ဖြေဆိုသူ IDI–014 က **“ကျွန်မတို့ရှိနေတဲ့နေရာကို လေယာဉ်က ကြဲချတော့မလိုပဲ... နောက်ပိုင်းကျတော့ ရဲဘော်တစ်ယောက်က ‘ခင်ဗျားတို့က ဒလန်တွေဆိုပြီး ပြောနေကြတယ်’ လို့ပြောတဲ့အခါ ထရော်မာ ရသွားတယ်”** ဟု ၎င်း၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖော်ပြခဲ့သည်။ ထို့ပြင် နယ်မြေတွင်း လှုပ်ရှားမှုများတွင် **“နင်တို့ ဒလန်မို့လို့ ဒီဘက်က မှားတာတွေ တင်တယ်ဆိုပြီး စွပ်စွဲတယ်”** (IDI–001) ဟူသော အခြေအနေများသည် သတင်းထောက်များအား လုံခြုံရေးအရ စိုးရိမ်ရစေရုံသာမက သတင်းရင်းမြစ်များနှင့် ယုံကြည်မှု တည်ဆောက်ရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်စေသည်။

> **“အမျိုးသမီးဖြစ်နေတဲ့အတွက် ပိုခက်ခဲတယ်၊ ပိုလုပ်ပြရတယ်။ အမျိုးသမီးဖြစ်လို့ အခွင့်အလမ်းပိုရတာမရှိဘူး၊ ပိုခက်ခဲတယ်။”**

ဂျန်ဒါအခြေပြု ရှုထောင့်မှကြည့်လျှင် အမျိုးသမီးမီဒီယာသမားများသည် ဒေသခံအဖွဲ့အစည်းများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အမြင်များနှင့် စစ်ရေးလုပ်ထုံးလုပ်နည်းများကြားတွင် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်နေရသည်။ ရှေ့တန်းစစ်မျက်နှာပြင်များသို့ သတင်းသွားယူရာတွင် ၎င်းတို့အား အမျိုးသမီးဖြစ်ခြင်းကြောင့် လုံခြုံရေးအရ စိုးရိမ်မကင်းဖြစ်ကာ ကန့်သတ်မှုအချို့ ရှိနေသကဲ့သို့၊ အလုပ်အကိုင်အပေါ် အမြင်ကွဲလွဲမှုများလည်း ရှိနေသည်။ IDI-002 က **"အမျိုးသမီးဖြစ်နေတဲ့အတွက် ပိုခက်ခဲတယ်၊ ပိုလုပ်ပြရတယ်။ ... အမျိုးသမီးဖြစ်လို့ အခွင့်အလမ်းပိုရတာမရှိဘူး၊ ပိုခက်ခဲတယ်"** ဟု ဆိုသည်။ တစ်ချိန်တည်းမှာပင် စစ်ဆေးရေးဂိတ်များနှင့် လက်နက်ကိုင်အဖွဲ့အချို့၏ ဆက်ဆံမှုတွင် စနောက်မှုနှင့် ထိတွေ့ဆက်ဆံရေးဆိုင်ရာ အဆင်မပြေမှုများ ကြုံတွေ့ရလေ့ရှိပြီး၊ အထူးသဖြင့် LGBT သတင်းထောက်များအတွက်မူ **"လူသားဖြစ်ခြင်းဆိုတဲ့ လေးစားမှုတွေနဲ့တောင် မဆက်ဆံကြတာမျိုးတွေရှိတယ်"** ဟု IDI-005 ၎င်း၏ အတွေ့အကြုံကို ဖွင့်ဟထားသည်။ သို့သော် အချို့သောအခြေအနေများတွင် အမျိုးသမီးဖြစ်ခြင်းသည် ဆက်ဆံရေး ပျော့ပြောင်းမှုအချို့ကို ရရှိစေနိုင်သော်လည်း၊ ယင်းသည် လက်တွေ့မြေပြင်တွင် စနစ်တကျ ရေးဆွဲထားသော မူဝါဒထက် သတင်းထောက်၏ ပုဂ္ဂိုလ်ရေးအရ ညှိနှိုင်းနိုင်စွမ်းအပေါ်တွင်သာ ပိုမိုမူတည်နေကြောင်း တွေ့ရှိရသည်။

သတင်းကျင့်ဝတ်နှင့် လက်တွေ့ရှင်သန်ရေးကြား ညှိနှိုင်းမှုသည် ပဋိပက္ခဒေသအတွင်း ရှောင်လွှဲမရသော အစိတ်အပိုင်းတစ်ခု ဖြစ်နေသည်။ သတင်းထောက်များသည် နယ်မြေအတွင်းရှိ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်အချို့နှင့် ပတ်သက်၍ မိမိလုံခြုံရေးအတွက် "သတင်းအချက်အလက် စိစစ်ဖော်ပြခြင်း" ကို ကျင့်သုံးနေကြရသည်။ ဖြေဆိုသူ IDI-008 က ၎င်းအား ခြိမ်းခြောက်ခံရသည့် ဖြစ်စဉ်ကြောင့် **"လူ့အခွင့်အရေး ချိုးဖောက်တဲ့သတင်းဆို မရေးရဲတော့ဘူး။ ... အဲ့သတင်းဆိုရင် တခြားသူပဲ ရေးပါဆိုတာမျိုး ပြောထားရတဲ့အထိ စိတ်ပိုင်းဆိုင်ရာ အဆင်မပြေတော့တာ"** ဟု ဆိုသည်။ ထို့ပြင် သတင်းအချက်အလက်ကို ပြင်ဆင်ဖော်ပြရန် တောင်းဆိုခံရခြင်း (IDI-005) နှင့် သတင်းကိရိယာများအပေါ် ထိန်းချုပ်ခံရခြင်း (IDI-001) တို့သည် ပဋိပက္ခဒေသရှိ အမျိုးသမီးမီဒီယာသမားများအတွက် နယ်မြေခံအဖွဲ့အစည်းများ၏ လုံခြုံရေးမူဝါဒများနှင့် မိမိတို့၏ သတင်းကျင့်ဝတ်ကြားတွင် သတိထား၍ ချိန်ညှိလှုပ်ရှားနေရကြောင်း မြင်သာစေသည်။



ဤလေ့လာမှုအရ သတင်းဌာနများနှင့် မြေပြင်သတင်းထောက်များကြားတွင် လုံခြုံရေးဆိုင်ရာ အမြင်ကွဲလွဲမှုများ ရှိနေသည်ကို တွေ့ရသည်။ အယ်ဒီတာအချို့က သတင်းထောက်တစ်ဦးအား ၎င်းတို့ဌာန၏ အထောက်အထား (ID ကတ် သို့မဟုတ် ထောက်ခံစာ) ပေးထားရုံဖြင့် လုံခြုံရေးအတွက် အကာအကွယ်ရနေပြီ ဟု ယူဆကြသော်လည်း လက်တွေ့တွင်မူ သတင်းထောက်များသည် မြေပြင်ရှိ လက်နက်ကိုင်အဖွဲ့များနှင့် မိမိဘာသာ ခက်ခဲစွာ ညှိနှိုင်းနေကြရသည်။ သတင်းဌာနအများစုသည် သတင်းထောက်အတွက် ကြိုတင်ညှိနှိုင်းပေးခြင်းထက်၊ အဖမ်းခံရခြင်း သို့မဟုတ် အရေးပေါ်အခြေအနေ ကြုံလာရသည့်အခါမျိုးမှသာ တရားဝင်ဖြေရှင်းပေးသည့် နည်းလမ်းကို ကျင့်သုံးကြသည်။ ယင်းနှင့်ပတ်သက်၍ KII-004 က **"သတင်းလုပ်ရင်း အဖမ်းခံရတယ်။ သတင်းထောက် ဖြစ်ကြောင်းကို ကရင်နီက ခေါင်းဆောင်တွေကို စာပို့ရတယ်။ နယ်စပ်ဖြတ်တဲ့ အခါမှာ ဘာမသိညာမသိနဲ့ဆို ဖမ်းထားတာရှိတယ်၊ အဲလိုမျိုးလေး နှစ်ခုသုံးခုလောက် ဖြစ်ဖူးတယ်။ ဖြစ်ပြီဆိုရင်တော့ ခေါင်းဆောင်တွေ နဲ့ ညှိရတယ်။ ဒါပေမယ့် မသွားခင်တော့ ညှိနှိုင်းတာ မလုပ်ဘူး။"** ဟု ၎င်း၏ အတွေ့အကြုံကို ဆိုသည်။ ထို့ပြင် အချို့သတင်းဌာနများသည် မြေပြင်သတင်းထောက်အတွက် အန္တရာယ်ရှိနိုင်ပါက အယ်ဒီတာအဖွဲ့က တိုက်ရိုက်ကြားဝင်ဆောင်ရွက်ပေးမှုများရှိပြီး KII-006 က **"အခြေအနေပေါ် မူတည်ပြီးတော့ သူတို့အတွက် risk ဖြစ်နိုင်တယ်ဆိုတာမျိုး editor နဲ့ သတင်းထောက်က ဆွေးနွေးလာပြီ ဆိုရင်တော့ ကျွန်မတို့က editor ကနေတစ်ဆင့် editor ကလည်း တိုက်ရိုက် မဆက်သွယ် မချိတ်ဆက်ခိုင်းဘူးပေါ့။ ကျွန်မတို့ အဖွဲ့အစည်း အနေနဲ့ ချိတ်ဆက်တာမျိုး management ကို သူတို့ အကြောင်းကြားတယ်ဆိုရင် အဖွဲ့ကနေပြီးတော့ သုံးတဲ့ email**

ကနေ တစ်ဆင့် တိုက်ရိုက် တရားဝင် သတင်းအတွက် ချိတ်ဆက်ပေးတာမျိုး လုပ်တယ်။" ဟု ရှင်းပြသည်။ သို့သော် ဤကဲ့သို့သော အကာအကွယ်များသည် ပြဿနာဖြစ်ပြီးမှ ဖြေရှင်းသည့်ပုံစံများသာ ပိုမိုဖြစ်နေကြောင်း တွေ့ရှိရပါသည်။

## ကျန်းမာရေးနှင့် ဇီဝကမ္မဆိုင်ရာ စိန်ခေါ်မှုများ

ပဋိပက္ခဒေသများအတွင်း သတင်းရယူလှုပ်ရှားနေရသော အမျိုးသမီးမီဒီယာသမားများအတွက် အခြေခံကျန်းမာရေးနှင့် အမျိုးသမီးဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များသည် နေ့စဉ်ဘဝ၏ အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ စစ်ရေးအခြေအနေအရ ညစဉ်လက်နက်ကြီးရန်မှ တိမ်းရှောင်နေရခြင်းနှင့် အဝတ်အထည် အကန့်အသတ်ဖြင့်သာ သယ်ဆောင်နိုင်ခြင်းတို့ကြောင့် တကိုယ်ရေသန့်ရှင်းမှုမှာ သိသိသာသာ လျော့နည်းလျက်ရှိသည်။ ဖြေဆိုသူ IDI-001 ၏ အဆိုအရ အဝတ်အစား ၃ စုံခန့်ဖြင့်သာ လှည့်လည်ဝတ်ဆင်ရပြီး၊ ဘေးလွတ်ရာသို့ အချိန်မရွေး ပြေးလွှားနိုင်ရန် ထမီအစား ဘောင်းဘီရှည်များကိုသာ အမြဲမပြတ်ဝတ်ဆင်ထားရသည်။ ထို့ပြင် ရေအရင်းအမြစ် ရှားပါးမှုကြောင့် ငါးရက်မှ တစ်ပတ်ခန့်အထိ ရေမချိုးရဘဲ နေထိုင်ရခြင်း၊ ချောင်းရေနှင့် လယ်ကွင်းအတွင်းရှိ မသန့်ရှင်းသော ရေများကို အသုံးပြုရခြင်းတို့ကြောင့် ယားနာနှင့် အရေပြားရောဂါများ ခံစားရလေ့ရှိသည်။

စီးပွားရေးပိတ်ဆို့မှုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အမျိုးသမီးသုံးပစ္စည်းများသည် နေရာဒေသအပေါ်မူတည်၍ ပုံမှန်ဈေးထက် ၃ ဆမှ ၅ ဆခန့်အထိ မြင့်တက်နေသည်ကို တွေ့ရှိရသည်။ အချို့သော ဝေးလံခေါင်ဖျားဒေသရှိ ရွာများတွင် အဆိုပါပစ္စည်းများကို ဝယ်ယူရန် လုံးဝမရှိခြင်းကြောင့် အဝတ်ဟောင်းများကို ပြန်လည်အသုံးပြုရသည့် အခြေအနေများရှိနေသည်။ **သတင်းထောက်များသည် ခရီးသွားနေစဉ် သို့မဟုတ် စစ်ရှောင်နေစဉ်အတွင်း ဓမ္မတာလာပါက လဲလှယ်ရန်နေရာနှင့် ရေမရှိခြင်းတို့ကြောင့် tissue ဖြင့်သာ ဖြေရှင်းရခြင်း သို့မဟုတ် အချိန်ကြာမြင့်စွာ မလဲလှယ်ဘဲ ထားရှိရခြင်းများရှိကာ၊ ဤသည်မှာ ဆီးလမ်းကြောင်းပိုးဝင်ခြင်းဝေဒနာကို အများဆုံးဖြစ်စေသည့် အကြောင်းရင်း ဖြစ်နေသည်။**

ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို ကြည့်လျှင် ပဋိပက္ခဒေသရှိ ဆေးပေးခန်းများနှင့် ဆေးရုံများသည် စစ်ရေးအရ ပစ်မှတ်ထားခံရနိုင်ခြေရှိသဖြင့် လုံခြုံသောနေရာများတွင်သာ တည်ရှိပြီး၊ စစ်ရေးဗျူဟာအရ ရှေ့တန်းရဲဘော်များကိုသာ ဦးစားပေး ကုသပေးလေ့ရှိသည်။ သတင်းထောက်များအနေဖြင့် မျက်စိအားနည်းခြင်း၊ အာရုံကြောအားနည်းခြင်းနှင့် လက်နက်ကြီးသံကြောင့် နားအကြားအာရုံ ထိခိုက်ခြင်းစသည့် ဝေဒနာများကို ခံစားရသော်လည်း၊ အထူးကုဆရာဝန်နှင့် စနစ်တကျ ပြသနိုင်ခြင်း မရှိပေ။ ထို့ပြင် ဆေးဝါးသယ်ယူခွင့် ကန့်သတ်ချက်များကြောင့် မိမိတို့သောက်သုံးနေကျ ဆေးဝါးများပြတ်လပ်ခြင်းနှင့် ဈေးနှုန်း အဆမတန် မြင့်တက်ခြင်းတို့က နာတာရှည်ရောဂါရှိသူများအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေသည်။

ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေနှင့် သတင်းရယူမှု လုပ်ငန်းစဉ်အကြား ဆက်စပ်မှုကို ဆန်းစစ်ကြည့်လျှင် ဓမ္မတာကြောင့် ပြင်းထန်သော ဗိုက်နာဝေဒနာ ခံစားရချိန်၌ပင် တောတောင်များအတွင်း ဆိုင်ကယ်တွန်း၍ သတင်းသွားယူရခြင်း၊ အရေးကြီးသော အင်တာဗျူး ချိန်းဆိုမှုများကို ကျန်းမာရေးအခြေအနေကြောင့် ရွှေ့ဆိုင်း သို့မဟုတ် ဖျက်သိမ်းရခြင်းတို့က လုပ်ငန်းထိရောက်မှုကို အဟန့်အတား ဖြစ်စေသည်။ သို့သော်လည်း အဆိုပါ အမျိုးသမီး သတင်းထောက်များသည် မိမိတို့၏ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ကိုယ်တိုင်ပြင်ဆင်မှုဖြင့် ကျော်လွှားရန် ကြိုးစားနေကြရသည်။



## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဂျန်ဒါအခြေပြု ခြိမ်းခြောက်မှုများ

မြန်မာနိုင်ငံ၏ ပဋိပက္ခဒေသများအတွင်း သတင်းရယူရာတွင် အမျိုးသမီးမီဒီယာသမားများသည် ရုပ်ပိုင်းဆိုင်ရာ အသက်အန္တရာယ်အပြင် လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကိုပါ ဘက်ပေါင်းစုံမှ ရင်ဆိုင်နေရသည်။ ၎င်းတို့၏ လုံခြုံရေးသည် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု (GBV) တို့ကြောင့် အစဉ်တစိုက် ထိပါးခံနေရကြောင်း ဆန်းစစ်တွေ့ရှိရသည်။ လေ့လာမှုအရ အမျိုးသမီးမီဒီယာသမားများသည် စစ်ဆေးရေးဂိတ်များ၌ စနစ်တကျ ပစ်မှတ်ထား၍ နှုတ်ဖြင့်နှောင့်ယှက်ခံရခြင်းနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရခြင်းများအပြင်၊ သတင်းရင်းမြစ်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းရှိ အာဏာမညီမျှမှုကြောင့် ဖြစ်ပေါ်လာသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်လိုမှုနှင့် အလုပ်နှင့်မသက်ဆိုင်သော ကိစ္စရပ်များ ပြောဆိုခြင်း ကဲ့သို့သော စိန်ခေါ်မှုများကိုလည်း ပါးနပ်စွာ ရှန်းကန်ဖြေရှင်းနေကြရသည်။ ထို့ပြင် လူမှုကွန်ယက်တွင် မိသားစုဝင်များ၏ အမည်၊ နေရပ်ကို အသုံးချကာ ခြိမ်းခြောက်ခြင်းတို့သည် အမျိုးသမီးမီဒီယာသမားများအား လုပ်ငန်းခွင်အတွင်း ကိုယ်တိုင်ကန့်သတ်မှု ပြုလုပ်လာစေရန် တွန်းအားပေးသည့် အချက်များဖြစ်နေသည်။ သတင်းခန်းစီမံခန့်ခွဲမှုဘက်တွင်လည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ယုံကြည်မှု တိုးတက်လာသော်လည်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးရေးမူဝါဒများ လက်တွေ့ကျင့်သုံးမှု အားနည်းခြင်းနှင့် အရေးပေါ်အကာအကွယ်ပေးရန် သီးခြားရန်ပုံငွေ မရှိခြင်းတို့သည် အမျိုးသမီးသတင်းမီဒီယာသမားများအတွက် ကြီးမားသော အဟန့်အတားများအဖြစ် တည်ရှိနေကြောင်း ဆန်းစစ်တွေ့ရှိရသည်။

## ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

မြေပြင်တွင် သတင်းယူနေသည့် အမျိုးသမီးမီဒီယာသမားများအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဂျန်ဒါအခြေပြု ခြိမ်းခြောက်မှုများသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို အဓိက ထိပါးနေသော အချက်များဖြစ်သည်။ ဤအန္တရာယ်များနှင့် ထိတွေ့ရမှုသည် သတင်းထောက်များ၏ သွားလာလှုပ်ရှားမှုနှင့် သတင်းရယူမှုပုံစံအပေါ် ကြီးမားသော ကန့်သတ်ချက်များ ဖြစ်ပေါ်စေသည်။ အထူးသဖြင့် စစ်ဆေးရေးဂိတ်များသည် အမျိုးသမီးမီဒီယာသမားများအတွက် အန္တရာယ်အရှိဆုံးနှင့် နှောင့်ယှက်မှုအများဆုံး ကြုံတွေ့ရသည့် နေရာများ ဖြစ်နေသည်။ ဖြေဆိုသူတစ်ဦးက **"စစ်တပ်ဂိတ်ကို ရှောင်ရတယ်၊ သူတို့ကြည့်တဲ့ ပုံစံကိုက ရွံ့စရာကောင်းတယ်၊ ပါးစပ်နဲ့ လှမ်းစတာ၊ ထိကပါးရိကပါး လုပ်ခံရတာတွေ ကြုံဖူးတယ်"** (IDI-013) ဟု ရှင်းပြထားသကဲ့သို့ နယ်စပ်ဂိတ်များတွင်လည်း **"နင်တို့ ခွန်ဖမ့ (မြန်မာမလေး) တွေက လှတယ်လို့ ပါးစပ်ကပြောပြီး ရီလဲ့လဲ့ မျက်လုံးတွေနဲ့ ကြည့်တာ"** (IDI-025) ကဲ့သို့သော အပြုအမူများသည် အမျိုးသမီးမီဒီယာသမားများအတွက် အစဉ်အမြဲ စော်ကားခံရမှုတစ်ခု ဖြစ်စေသည်။

သတင်းထောက်များ၏ လုံခြုံရေးဆိုင်ရာ နည်းဗျူဟာများကို ဆန်းစစ်ကြည့်လျှင် အမျိုးသမီးဖြစ်တည်မှုကြောင့် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ရှောင်လွှဲရန်အတွက် အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့် တွဲဖက်သွားလာခြင်း သို့မဟုတ် "လင်မယား/သမီးရည်းစား" ဟု ဟန်ဆောင်ပြောဆိုခြင်းတို့ကို လုပ်ဆောင်ကြရသည်။ ဖြေဆိုသူ IDI-003 ၏ အဆိုအရ **"ကိုယ်တစ်ယောက်တည်း သွားမယ်ဆိုရင်တော့ ဒါမျိုးတွေက ကြုံရနိုင်တယ်။ ... အမျိုးသားက အမြဲပါတယ်"** ဟု ဆိုသည်။ ဤအခြေအနေသည် အမျိုးသမီးမီဒီယာသမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်ကို လွတ်လပ်စွာ

> ဤအခြေအနေသည် အမျိုးသမီးမီဒီယာသမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားတစ်ဦး၏ အကာအကွယ်ကို မဖြစ်မနေ ရယူနေရသည့် ဂျန်ဒါရေးရာ မညီမျှမှုကို ထင်ဟပ်စေသည်။



“အမျိုးသမီးမီဒီယာသမားများသည် သတင်းရင်းမြစ်များ၏ ယုံကြည်မှုကို ရရှိရန်နှင့် ရင်းနှီးသည့် ဆက်ဆံရေး တည်ဆောက်ရန် ပိုမိုအားသာချက်များ ရှိသော်လည်း၊ ထိုသို့ နီးစပ်မှုရှိလာခြင်းနှင့်အတူ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများပါ ဒွန်တွဲကြုံတွေ့ရလေ့ရှိသည်။”

ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားတစ်ဦး၏ အကာအကွယ်ကို မဖြစ်မနေ ရယူနေရသည့် ဂျန်ဒါရေးရာ မညီမျှမှုကို ထင်ဟပ်စေသည်။ သို့သော် ပိုမိုဆိုးရွားသော အခြေအနေမှာ အကာအကွယ်ပေးမည်ဟု ယူဆရသော လက်နက်ကိုင်တပ်ဖွဲ့အတွင်း၌ပင် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမှုများ ရှိနေခြင်းဖြစ်သည်။ ဖြေဆိုသူ IDI–027 ၏ ဖွင့်ဟချက်အရ **“ရဲဘော်ဖြစ်တုန်းက တပ်ရင်းမှူးက အသားယူတာ၊ မူးလာရင် ကိုယ်ထိလက်ရောက် ကျူးလွန်တာ ၅ လအတွင်းမှာ ၁၀ ကြိမ်လောက်အထိ ရှိခဲ့တယ်”** ဟု သိရသည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့အချို့သည် အမျိုးသမီးမီဒီယာသမားများ၏ သတင်းရယူမှုကို ကန့်သတ်ရန် **“တော်လှန်ရေးလက်နက်ကိုင် အဖွဲ့က လုံခြုံရေးအရ သင်တန်းတက်ရမယ် ဆိုပြီး တစ်လခွဲ သင်တန်း တက်ခိုင်းတယ်၊ ဖုန်းတွေသိမ်းခံရတယ်၊ အဲဒီလိုနဲ့ ရွှေမျော သတင်းမရောက်အောင် လုပ်တယ်၊ သူတို့ ခွင့်ပြုသလောက်ပဲ သတင်းလုပ်လို့ ရတယ်၊”** (FGD_Mae Sot) ကဲ့သို့သော ဖိအားပေးမှုများကိုလည်း လုပ်ဆောင်လေ့ရှိသည်။

အမျိုးသမီးမီဒီယာသမားများသည် သတင်းရင်းမြစ်များ၏ ယုံကြည်မှုကို ရရှိရန်နှင့် ရင်းနှီးသည့် ဆက်ဆံရေး တည်ဆောက်ရန် ပိုမိုအားသာချက်များ ရှိသော်လည်း၊ ထိုသို့ နီးစပ်မှုရှိလာခြင်းနှင့်အတူ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများပါ ဒွန်တွဲကြုံတွေ့ရလေ့ရှိသည်။ ဖြေဆိုသူတစ်ဦးက **“အီစကလီလုပ်တာမျိုးဆို ကိုယ်က ဆင်ခြင်ရတယ်၊ ... အိမ်ကအမျိုးသမီးမသိအောင် နှစ်ယောက်တည်းသွားမယ် ဆိုတာမျိုး ပြောလာရင် ငြင်းရတယ်”** (FGD_CNX) ဟု ဆိုသည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင် အောက်ခြေပိုင်းတွင် အမျိုးသမီးမီဒီယာသမားများအပေါ် **“ကားပေါ်ကဆင်းရင် ဂရုစိုက်နော် ဆိုပြီး ပြောရမယ့်အစား ဥပမာ – ပြုတ်ကျမယ်နော်ပြုတ်ကျရင် ပြန်မပေးဘူး (လူကိုပြောတာ)၊ အပြီးခေါ်ထားလိုက်မယ်”** (FGD_Mae Sot) ဟူသော ကာယိန္ဒြေပျက်ပြားစေသည့် ပြောဆိုမှုများအပြင်၊ ခွင့်မတောင်းဘဲ ဆယ်ဖီဆွဲခြင်းနှင့် အွန်လိုင်းပေါ်တွင် ပုံတင်မည်ဟု ခြိမ်းခြောက်ခြင်းများကိုလည်း ရင်ဆိုင်နေရသည်။ တစ်ဖက်တွင်လည်း အယ်ဒီတာအချို့သည် အမျိုးသမီးဖြစ်ခြင်းကြောင့် ခရီးစဉ်များ ကန့်သတ်ခြင်းရှိနေဆဲဖြစ်သော်လည်း၊ လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများအတွင်း အမျိုးသမီးများကို အန္တရာယ်ကင်းစွာ သတင်းယူနိုင်ရန် **“စစ်ဘေးရှောင်စခန်းတွေမှာ ညအိပ်ရင် အမျိုးသမီးဦးဆောင်သူတွေနဲ့ပဲ အတူ**

**အိပ်ဖို့ သေချာချိတ်ဆက် စီစဉ်ပေးခြင်း"** (KII-007) တို့ဖြင့် ကာကွယ်စောင့်ရှောက်မှုများ ပေးလာကြသည်ကို တွေ့ရသည်။

ထို့ပြင် ပဋိပက္ခဇုန်အတွင်း သီးသန့်နေထိုင်စရာနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အခက်အခဲများသည်လည်း လိင်ပိုင်းဆိုင်ရာ မလုံခြုံမှုကို ပိုမိုဆိုးရွားစေသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏စခန်းတွင် သို့မဟုတ် ရွာများတွင် တည်းခိုရသည့်အခါ အမျိုးသားများနှင့် တစ်ခန်းတည်း အတူတူ အိပ်စက်ရခြင်းက စိတ်ပိုင်းဆိုင်ရာ တင်းမာမှုကို ဖြစ်စေသည်။ **"အမျိုးသားတွေချည်းပဲ အရမ်းများလွန်းတော့ တစ်ယောက်တည်းဆိုတော့ ကောင်းကောင်းမအိပ်ရဲဘူး"** (IDI-010) ဟု ဖြေဆိုသူတစ်ဦးက ၎င်း၏ စိုးရိမ်စိတ်ကို ဖော်ပြခဲ့သည်။ ထို့အတူ အွန်လိုင်းမှတစ်ဆင့် ခြိမ်းခြောက်မှုများသည်လည်း ပြင်းထန်ပြီး **"ညစ်ညမ်းသည့်ပုံများပေးပို့ခြင်း၊ မိသားစုဝင်များ၏ အမည်နှင့် နေရပ်ကိုပြောကာ ခြိမ်းခြောက်ခြင်း"** (FGD_Mae Sot) တို့ကြောင့် အမျိုးသမီးမီဒီယာသမားများသည် အွန်လိုင်းပေါ်တွင် မိမိတို့၏ ကိုယ်ရေးကိုယ်တာများကို ကန့်သတ်ထားကြရသည်။

ဒေသအတွင်းတွင် ဖြစ်ပွားနေသော အမျိုးသမီးများအပေါ် မုဒိမ်းကျင့်သတ်ဖြတ်မှု ဖြစ်စဉ်များသည်လည်း သတင်းထောက်များအပေါ် ပြင်းထန်သော အကြောက်တရားနှင့် မိမိကိုယ်ကို အကာအကွယ်ပေးရန်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်လျှော့ချလာခြင်းကို ဖြစ်ပေါ်စေသည်။ ဤပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းခန်းများတွင် **"လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု (Sexual Harassment) ဆိုင်ရာ မူဝါဒတွေက စာရွက်ပေါ်မှာတင် မဟုတ်ဘဲ လက်တွေ့ကျင့်သုံးဖို့လိုတယ်၊ ကျူးလွန်သူတွေကိုယ်တိုင်က ဒါဟာ လူသားဂုဏ်သိက္ခာကို ထိပါးတာဆိုတဲ့ Aware ဖြစ်ဖို့လိုတယ်"** (KII-005) ဟု အကြံပြုထားသည်။

ပဋိပက္ခဒေသရှိ အမျိုးသမီးမီဒီယာသမားများသည် ပြင်ပမှလာသော အသက်အန္တရာယ် ခြိမ်းခြောက်မှုများသာမက၊ လုပ်ငန်းခွင်အတွင်း ထိတွေ့နေရသည့် လက်နက်ကိုင်အာဏာရှင်ဆန်မှု၊ သတင်းရင်းမြစ်များ၏ အခွင့်အရေးယူလိုမှုနှင့် အွန်လိုင်းမှတစ်ဆင့် မိသားစုကို ပစ်မှတ်ထားခြင်းများကြားတွင် အန္တရာယ်ကို အတတ်နိုင်ဆုံး ရှောင်လွှဲရင်း သတင်းလုပ်ငန်းကို ခက်ခဲစွာ ဆက်လက်လုပ်ကိုင်နေကြရသည်။ သတင်းခန်းစီမံခန့်ခွဲသူများအနေဖြင့်လည်း အမျိုးသမီးများ၏ ဘေးကင်းလုံခြုံရေးအတွက် သီးသန့်ဘတ်ဂျက်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တိုင်ကြားနိုင်သည့် တိကျသော ကာကွယ်စောင့်ရှောက်ရေးမူဝါဒများမှာ မြန်မာမီဒီယာလောကတွင် အလွန်လိုအပ်နေဆဲဖြစ်ကြောင်း ဤလေ့လာမှုအရ သိရှိရပါသည်။

## ဒစ်ဂျစ်တယ်နှင့် အွန်လိုင်းအကြမ်းဖက်မှု

ပဋိပက္ခဒေသများတွင် သတင်းရယူနေကြသည့် အမျိုးသမီးမီဒီယာသမားများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးသည် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကဲ့သို့ပင် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အမျိုးသမီးဖြစ်ခြင်းကို အခြေပြု၍ စနစ်တကျ ပစ်မှတ်ထား တိုက်ခိုက်ခြင်းနှင့် သိက္ခာချခြင်းတို့သည် သတင်းထောက်များ၏ စိတ်ပိုင်းဆိုင်ရာကို ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိသည်။

ယခုလေ့လာမှုအရ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကိုယ်ရေးအချက်အလက်များကို အသုံးချကာ သတင်းထောက်အား စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု ပြုလုပ်ခြင်းသည် အခြေအနေသစ်တစ်ရပ် ဖြစ်လာသည်။ ဖြေဆိုသူတစ်ဦးက **"နင်လွတ်သွားပြီဆိုပေမယ့်လည်း နင့်အမေရှိတယ်နော်၊ မိသားစု နင့်အမ ဘယ်နေရာမှာရှိတယ်၊ နာမည်ဘယ်သူ သိတယ်နော့် ဆိုပြီး စာပို့လာတယ်"** (FGD_Mae Sot) ဟု သူ့ရုံးတွင်းမှ ဝန်ထမ်းတစ်ဦးကြုံတွေ့ခဲ့ရသည့်အခြေအနေကို ရှင်းပြထားသည်။ ထို့ပြင် ရုပ်သံတင်ဆက်သူ အမျိုးသမီးများသည် ပိုမိုပစ်မှတ်ထားခံရပြီး ညစ်ညမ်းသော ပုံရိပ်များနှင့် စာသားများ ပေးပို့နှောင့်ယှက်ခြင်းကို နေ့စဉ်ကြုံတွေ့နေရသည်။ **"ညစ်ညမ်းတဲ့ သူတို့ရဲ့ အင်္ဂါဇာတ်ပုံတွေ ပို့လာတယ်။ … အကောင့်တုတွေနဲ့ စနစ်တကျ ကျူးလွန်တဲ့သူတွေက ငါတို့ကို ဘယ်လိုမှ အရေးယူလို့မရဘူးဆိုတဲ့ Mindset နဲ့ လုပ်နေကြတာ"** (KII-006) ဟူသော အချက်သည် တရားဥပဒေစိုးမိုးရေး ကင်းမဲ့နေမှုကို အခွင့်ကောင်းယူနေခြင်းပင် ဖြစ်သည်။

စီမံခန့်ခွဲမှုပိုင်းတွင် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများကို တုံ့ပြန်ရန် စနစ်တကျမူဝါဒနှင့် ပံ့ပိုးမှုယန္တရားများ အားနည်းနေသေးသည်ကို တွေ့ရှိရသည်။ အဓိက သတင်းဌာနကြီးအချို့တွင်ပင် အမျိုးသမီးသီးသန့် မူဝါဒထက် ယေဘုယျကျင့်ဝတ်များဖြင့်သာ ကိုင်တွယ်နေကြသည်။ **"Gender Policy ဆိုတာ စာတမ်းလို ဖြစ်ဖို့လိုတာ။ ... မူဝါဒက စာရွက်ပေါ်မှာပဲ ရှိလို့မရဘူး။ တစ်ခုခုဖြစ်လာရင် ဒီမူဝါဒတွေနဲ့ ကိုင်တွယ်အရေးယူနိုင်ရမယ်"** (KII-006) ဟု ဆိုသည်။ အွန်လိုင်းတိုက်ခိုက်မှုများ ကြုံတွေ့ရသည့်အခါ သတင်းဌာနများအနေဖြင့် ယာယီအားဖြင့် အကောင့်များကို ပိတ်ပစ်ခြင်း ကဲ့သို့သော အခြေခံလုပ်ဆောင်ချက်များသာ ရှိပြီး ရေရှည်စိတ်ပိုင်းဆိုင်ရာ ကုစားမှုပေးနိုင်ခြင်း မရှိသေးပေ။

ဒစ်ဂျစ်တယ်လုံခြုံရေး သင်တန်းများစွာ ရှိသော်လည်း လက်တွေ့တွင် လိုက်နာမှု အားနည်းနေခြင်းမှာ ကြီးမားသောဟာကွက်တစ်ခု ဖြစ်နေသည်။ **"Digital Safety သင်တန်းတွေ အများကြီး တက်ကြပေမယ့် လိုက်နာလားဆိုရင် မလိုက်နာဘူး။ ... Password Manager သုံးဖို့ပြောပေမယ့် အခုထိ လိုက်နာမှု အားနည်းနေတုန်းပဲ"** (KII-007) ဟု စီမံခန့်ခွဲသူတစ်ဦးက ထောက်ပြသည်။ ထို့ပြင် သတင်းထောက်များနှင့် သတင်းရင်းမြစ်ကြား ဆက်ဆံရေးတွင်လည်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ရှိနေပြီး ယင်းကို အယ်ဒီတာများက စနစ်တကျ စိစစ်ကာကွယ်ပေးရန် လိုအပ်နေသည်။ **"သတင်းမေးတာကို ဖြေရင်း အီစကလီတွေပါ တွေ့ရတယ်။ ... အယ်ဒီတာက အဲဒါတွေ လိုက်စဉ်းစားပေးရတယ်"** (FGD_Mae Sot) ဟူသော အချက်သည် အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်လိုအပ်ချက်ကို ပြသနေသည်။



လက်ရှိကြုံတွေ့နေရသော ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ဝင်ငွေနည်းပါးမှုကဲ့သို့သော စီးပွားရေးဖိအားများသည် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုဒဏ်ကို ပိုမိုဆိုးရွားစေသည်။ အွန်လိုင်းမှ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရချိန်တွင် ရပ်တည်ရေးအတွက် ရုန်းကန်နေရခြင်းက သတင်းထောက်များအား အလုပ်မှ နုတ်ထွက်ရန် တွန်းအားပေးလျက်ရှိသည်။ **"အခုအချိန်မှာ လူတိုင်းက Trauma ဖြစ်နေတာ။ Collective Trauma လို့ ခေါ်ကြတယ်"** (KII-001) ဟူသော အချက်အရ၊ အွန်လိုင်းအကြမ်းဖက်မှုသည် တစ်ဦးတစ်ယောက်ချင်းစီ၏ ပြဿနာမဟုတ်ဘဲ သတင်းမီဒီယာ လောကတစ်ခုလုံး၏ ရှင်သန်ရေးကို ခြိမ်းခြောက်နေသော အန္တရာယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## သတင်းခန်းစီမံခန့်ခွဲမှုနှင့် မူဝါဒဆိုင်ရာ စိန်ခေါ်မှုများ

မြန်မာ့မီဒီယာလောကရှိ သတင်းခန်းစီမံခန့်ခွဲမှု ယန္တရားတွင် ဂျန်ဒါအခြေပြု တန်းတူညီမျှမှုနှင့် ဘေးကင်းရေး မူဝါဒများသည် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များစွာ ရှိနေသည်ကို တွေ့ရှိရသည်။ သတင်းဌာန အများစုတွင် သတင်းထောက်များ လိုက်နာရမည့် အခြေခံကျင့်ဝတ်နှင့် လုံခြုံရေး လမ်းညွှန်ချက်များ ရှိသော်လည်း၊ အမျိုးသမီးများ၏ သီးသန့်လိုအပ်ချက်နှင့် ဘေးကင်းရေးကို အကာအကွယ်ပေးသည့် "ဂျန်ဒါမူဝါဒ" မှာမူ လက်တွေ့၌ အားနည်းနေဆဲ ဖြစ်သည်။ ဤအခြေအနေနှင့် ပတ်သက်၍ ဖြေဆိုသူ KII-001 က "Gender policy ရှိသလားဆိုရင်တော့ မရှိဘူးလို့ပဲ ပြောရမှာပေါ့... မူကိုချပြီးလုပ်တယ်ဆိုတာမျိုး သတင်းဌာနတွေမှာတော့ မရှိဘူးထင်တယ်" ဟု ဆိုသည်။ သို့သော် အချို့သော သတင်းဌာနများတွင် PSHEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ ထိပါးနှောင့်ယှက်မှု တားဆီးရေး) မူဝါဒများ ရှိနေသော်လည်း ယင်းတို့မှာ သတင်းခန်းအတွင်း၌သာ ကန့်သတ်ထားသည်ကို တွေ့ရသည်။ မဲဆောက်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဖြေဆိုသူ အမျိုးသမီးတစ်ဦးက "သတင်းခန်းအတွင်းမှာပဲ ကာကွယ်ပေးနိုင်တဲ့ မူဝါဒပဲ ရှိပါသေးတယ်" ဟု ဆိုထားရာ၊ မြေပြင်တွင် သတင်းရယူနေစဉ် ကြုံတွေ့ရသည့် အန္တရာယ်များအတွက် မူဝါဒဆိုင်ရာ အကာအကွယ် မလုံလောက်မှုကို ထင်ဟပ်နေသည်။



## ၂၀၂၅ ဘဏ္ဍာငွေလျှော့ချမှုနှင့် ဘေးကင်းရေးအပေါ် သက်ရောက်မှု

၂၀၂၅ ခုနှစ် အစောပိုင်းမှစ၍ မြန်မာ့မီဒီယာကဏ္ဍတွင် ကြုံတွေ့လာရသော ဘဏ္ဍာငွေ ရပ်ဆိုင်းမှုနှင့် လျှော့ချမှုများသည် အမျိုးသမီးမီဒီယာသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင် အခွင့်အလမ်းများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိနေသည်ကို တွေ့ရှိရသည်။ ရန်ပုံငွေ အကျပ်အတည်းကြောင့် သတင်းဌာနများသည် ရေရှည်စီမံကိန်းများထက် တစ်နေ့တာ ရှင်သန်ရေးကိုသာ ဦးစားပေးလာရပြီး၊ ယင်းသည် အမျိုးသမီးမီဒီယာသမားများ၏ "ဂျန်ဒါအခြေပြု လိုအပ်ချက်များ" ကို ဘေးဖယ်ထားလိုက်ရသည့် အခြေအနေသို့ ဆိုက်ရောက်စေသည်။ ဖြေဆိုသူ KII–004 က **"ရပ်တည်မှုကို စဉ်းစားတဲ့အခါ တစ်စုံလုံးစာ စဉ်းစားရတယ်။ ဂျန်ဒါအုပ်စုခွဲပြီး မစဉ်းစားနိုင်ဘူး"** ဟု ဆိုသကဲ့သို့၊ မီဒီယာတစ်ခု၏ စီမံခန့်ခွဲမှုပိုင်းတွင် တာဝန်ယူထားသူ တစ်ဦးမှလည်း **"sustainable ဖြစ်လားဆို မဖြစ်ဘူး... နောက်သုံးလေးလစာလောက်ပဲရှိတယ်၊ အဲဒီထက်ကျော်သွားရင် ဘာဖြစ်မလဲ မသိဘူး"** ဟု ၎င်းတို့၏ ရေရှည်မရေရာမှုကို ဖွင့်ဟထားသည်။

ဘေးကင်းရေး ကိရိယာများ မပြည့်စုံမှုသည် အမျိုးသမီးမီဒီယာသမားများ၏ သတင်းရယူပိုင်ခွင့်ကို ကန့်သတ်လိုက်သည့် အဓိက အကြောင်းရင်း ဖြစ်လာသည်။ ပစ္စည်းကိရိယာ အလုံအလောက် မရှိသည့်အခါ သတင်းဌာနများသည် အန္တရာယ်ရှိသော နေရာများသို့ အမျိုးသမီးများကို လွှတ်ရန် ဝန်လေးလာကြသည်။ ယင်းနှင့်ပတ်သက်၍ မီဒီယာတစ်ခု၏ စီမံခန့်ခွဲမှုပိုင်းမှ တာဝန်ရှိသူတစ်ဦးက **"ကာကွယ်ရေးပစ္စည်းနည်းလို့ (အမျိုးသမီးတွေကို) ချန်ခဲ့ရတယ်။ စတန်းရီပို့ လုပ်မယ်ဆိုရင်တောင် မစဉ်းစားတော့ဘူး"** ဟု ဆိုသည်။ ဤသည်မှာ ဘဏ္ဍာငွေ မလုံလောက်မှုကြောင့် အမျိုးသမီးမီဒီယာသမားများမှာ ရှေ့တန်း သတင်းရယူခွင့်နှင့် လုပ်ငန်းခွင်တိုးတက်မှု အခွင့်အလမ်းများ ဆုံးရှုံးနေရခြင်းကို ထင်ရှားစေသည်။ အချို့သော သတင်းထောက်များမှာမူ တိုက်အချင်းချင်း ချိတ်ဆက်၍ ပစ္စည်းများကို အခမဲ့ မျှဝေသုံးစွဲခြင်းဖြင့် ဖြေရှင်းနေရကြောင်း တွေ့ရှိရသည်။

စီးပွားရေးအရ ရိုက်ခတ်မှုများတွင် စာမူခနှင့် လစာများ လျော့နည်းလာခြင်းသည် အမျိုးသမီးမီဒီယာသမားများ၏ နေ့စဉ်ဘဝနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်လာသည်။ မိသားစုကိုပါ တာဝန်ယူနေရသော အမျိုးသမီးများအတွက် ဝင်ငွေလျော့ပါးလာမှုမှာ ပိုမိုပြင်းထန်သော ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ ဖြေဆိုသူတစ်ဦးက **"စာမူခ လျော့သွားတယ်၊ ထိတယ်၊ စားဝတ်နေရေး ထိတယ်။ ကိုယ်က မောင်လေးတွေကို ပြန်ကြည့်ရတယ်၊ အဆင်မပြေတာဖြစ်တယ်"** ဟု ၎င်း၏ အခက်အခဲကို ရှင်းပြသည်။ ထို့ပြင် အချို့သော သတင်းခန်းများတွင် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် စီမံခန့်ခွဲသူများက ကိုယ်တိုင်လစာမယူဘဲ ဖြေရှင်းနေရသည့် အခြေအနေများရှိနေခြင်းက ၂၀၂၅ ခုနှစ်အတွင်း မီဒီယာကဏ္ဍ၏ ဘဏ္ဍာရေး အကျပ်အတည်း မည်မျှ နက်ရှိုင်းနေသည်ကို ပြသနေသည်။

၂၀၂၅ ခုနှစ်၏ ဘဏ္ဍာငွေ အကျပ်အတည်းသည် အမျိုးသမီးမီဒီယာသမားများအတွက် ဘေးကင်းရေး ကိရိယာနှင့် ကျန်းမာရေး အာမခံချက်များကို ဆုံးရှုံးစေရုံသာမက၊ စားဝတ်နေရေး အခက်အခဲများကြောင့် လုပ်ငန်းခွင်အတွင်း ဆက်လက်ရပ်တည်ရန်ပင် စိန်ခေါ်မှု ဖြစ်လာစေသည်။ သတင်းဌာနများအနေဖြင့် အကန့်အသတ်ရှိသော အရင်းအမြစ်များကြားမှ အမျိုးသမီးများ၏ ဘေးကင်းရေးနှင့် အခွင့်အလမ်းတန်းတူရရှိရေးကို မူဝါဒအရ မည်သို့ ထိန်းညှိပေးရမည်ဆိုသည်မှာ ယနေ့ခေတ်၏ အကြီးမားဆုံးသော စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေကြောင်း ဤလေ့လာမှုအရ သိရှိရပါသည်။

## မူဝါဒနှင့် လက်တွေ့အကြား ကွာဟချက်

သတင်းဌာနများအတွင်းရှိ ဂျန်ဒါရေးရာမူဝါဒများနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော စိန်ခေါ်မှုမှာ မူဝါဒများ စာရွက်ပေါ်တွင် ရှိနေစေကာမူ လက်တွေ့အကောင်အထည်ဖော်မှုတွင် ထိရောက်မှု မရှိခြင်းဖြစ်သည်။ အထူးသဖြင့် အန္တရာယ်ရှိသော မြေပြင်သို့ သွားရောက်ရသည့်အခါ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်နှင့် မူဝါဒများသည် သတင်းထောက်များအတွက် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု မပေးနိုင်ကြောင်း တွေ့ရှိရသည်။ ဤကွာဟချက်နှင့် ပတ်သက်၍ ဖြေဆိုသူ မဲဆောက်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဖြေဆိုထားသည့် အမျိုးသမီးတစ်ဦးက **"ကာကွယ်ပေးတယ်ဆိုတာ အွန်လိုင်းမှာပဲ ရှိတယ်... စာထုတ်ပေးရုံပဲ၊ ခံရတဲ့သူက စာကိုကြည့်ပြီး လုံခြုံတယ်လို့ မခံစားရဘူး"** ဟု ဝေဖန်ထားသည်။ ဤသည်မှာ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်မှုပိုင်း၌ အောင်မြင်မှုမရှိကြောင်း ဖော်ပြနေသည်။

မူဝါဒများကို နားလည်သဘောပေါက်မှုအပိုင်းတွင်လည်း စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအကြား ကွာဟချက်ကြီးမားသည်။ အချို့သော သတင်းဌာနများတွင် ဓမ္မတာခွင့်နှင့် မီးဖွားခွင့်ကဲ့သို့သော လက်တွေ့ကျသည့် အခွင့်အရေးများ ပေးထားသည်ကို တွေ့ရသော်လည်း၊ များစွာသော သတင်းထောက်များမှာမူ မိမိတို့တိုက်တွင် တိုင်ကြားနိုင်သည့် မူဝါဒရှိသည်ကိုပင် သိရှိခြင်း မရှိကြချေ။ ဖြေဆိုသူ ချင်းမိုင်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဖြေဆိုထားသည့် အမျိုးသမီးတစ်ဦး က **"၁၀ နှစ်လောက် လုပ်သက်ရှိပြီ၊ တစ်ခါမှ မကြားဖူးဘူး၊ ဒီရောက်မှ သိရတယ်"** ဟု ဆိုခြင်းက သတင်းခန်းအတွင်း မူဝါဒဆိုင်ရာ ဆက်သွယ်မှုမည်မျှ အားနည်းသည်ကို ပြသနေသည်။

ထို့ပြင် PSHEA ကဲ့သို့သော မူဝါဒများသည် အဖွဲ့အစည်းအဆင့်တွင်သာ အလုပ်ဖြစ်ပြီး မြေပြင်ရှိ လက်နက်ကိုင်အောက်ခြေစစ်သားများ၏ ကျူးလွန်မှုများကို မဟန့်တားနိုင်ခြင်းမှာလည်း ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။ မဲဆောက်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးထားသည့် အမျိုးသမီးတစ်ဦးက **"PSHEA က အကောင်အထည်ဖော်နိုင်စွမ်း နည်းတယ်...**



**အောက်ခြေစစ်သားတွေအတွက် မဟန့်တားနိုင်ဘူး၊ ထိပ်ပိုင်းကိုပဲ ဟန့်တားနိုင်တယ်”** ဟု ထောက်ပြသည်။ ယင်းအပြင် အချို့သော သတင်းဌာနများသည် မူဝါဒများကို ပြင်ပမှ ငှားရမ်းသုံးစွဲကြသဖြင့် မိမိတို့၏ အခြေအနေနှင့် ကိုက်ညီမှု မရှိခြင်း၊ မူဝါဒများကို ဝန်ထမ်းတိုင်း နားလည်စေရန် ရှင်းပြပေးနိုင်မည့် ဘတ်ဂျက် မရှိခြင်းတို့ကလည်း မူဝါဒနှင့် လက်တွေ့အကြား ကွာဟချက်ကို ပိုမိုနက်ရှိုင်းစေသည်။

၂၀၂၅ ခုနှစ်အတွင်း မြန်မာ့မီဒီယာဌာနများရှိ မူဝါဒများသည် စာရွက်ပေါ်တွင်သာ ရှိနေပြီး လက်တွေ့မြေပြင်တွင် အမျိုးသမီးမီဒီယာသမားများကို ထိရောက်စွာ အကာအကွယ် မပေးနိုင်သေးကြောင်း တွေ့ရှိရသည်။ မူဝါဒများကို ဝန်ထမ်းတိုင်း နားလည်အောင် ရှင်းလင်းပြသခြင်း၊ မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်းနှင့် တိုင်ကြားသူများအပေါ် လက်တွေ့ကျကျ အကာအကွယ်ပေးနိုင်သည့် ယန္တရားများ တည်ဆောက်ရန် လိုအပ်နေဆဲ ဖြစ်ကြောင်း ဤလေ့လာမှုအရ သိရှိရပါသည်။

## ဆုံးဖြတ်ချက်ချသည့် ကဏ္ဍနှင့် ခွဲခြားဆက်ဆံမှု

ပဋိပက္ခဇုန်များတွင် သတင်းရယူရာ၌ ဆုံးဖြတ်ချက်ချခြင်းနှင့် အခွင့်အလမ်းရရှိမှုတို့တွင် ဂျန်ဒါ အခြေပြုသည့် ခွဲခြားဆက်ဆံမှုများနှင့် စိန်ခေါ်မှုများစွာ ရှိနေသည်ကို တွေ့ရှိရသည်။ သတင်းခန်းစီမံခန့်ခွဲသူများအနေဖြင့် အမျိုးသမီးမီဒီယာသမားများကို ရှေ့တန်းသို့ စေလွှတ်ရန် ဆုံးဖြတ်ရာ၌ “လုံခြုံရေးအရ စိုးရိမ်မှု” ကို အဓိကအကြောင်းပြချက်အဖြစ် ထားရှိကြသော်လည်း၊ ဤအချက်သည် မြေပြင်ရှိ အမျိုးသမီးမီဒီယာသမားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ကန့်သတ်လိုက်သည့် “ကာကွယ်မှုအသွင်ဆောင်သော ခွဲခြားမှု” ဖြစ်နေသည်ကို တွေ့ရသည်။ ဤအခြေအနေနှင့် ပတ်သက်၍ ဖြေဆိုသူတစ်ဦးက **“အမျိုးသမီးဖြစ်တဲ့အတွက်ကြောင့်မလို့ editor တွေကတော့ ရှေ့တန်းကို မလွှတ်ကြဘူးပေါ့နော်။ အမျိုးသမီးဆိုရင် မသွားနဲ့။ နောက်မှာနေ။ စစ်ရှောင်စခန်းကို ဖုံးကြဲတယ်ဆိုရင်တောင်မှ ယောကျ်ားလေးတွေ အားတယ်၊ ရှိနေတယ်ဆိုရင်တော့ အမျိုးသမီးတွေကို သိပ်မလွှတ်ဘူးပေါ့နော်။”** (IDI–019) ဟု ၎င်း၏ အတွေ့အကြုံကို ဆိုသည်။ သတင်းခန်းစီမံခန့်ခွဲသူများ၏ အဆိုအရ အမျိုးသားသတင်းထောက်များကို စေလွှတ်ခြင်းသည် လုံခြုံရေးကိုသာ အဓိကထားခြင်းဖြစ်သည်ဟု ဆိုကြသော်လည်း လက်တွေ့ကျင့်သုံးမှုတွင်မူ ဂျန်ဒါ အပေါ်မူတည်၍ ကွာခြားချက်များ ရှိနေသည်။ အမျိုးသမီးမီဒီယာသမားများကို ရှေ့တန်းလွှတ်ရန် ဆုံးဖြတ်ရာ၌ အချိန်အလွန်ပေး၍ဆွေးနွေးရခြင်း သို့မဟုတ် အမျိုးသားလုပ်ဖော်ကိုင်ဖက်တစ်ဦးကို မဖြစ်မနေ လိုက်ပါစေခြင်းတို့သည် အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ယုံကြည်မှုအားနည်းခြင်းကို ဖော်ပြနေသည်။ ဤကဲ့သို့ ဘေးကင်းရေးကို အကြောင်းပြ၍ အလွန်အမင်း ကန့်သတ်ခြင်းသည် အမျိုးသမီးမီဒီယာသမားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းကို လျှော့ချပစ်သကဲ့သို့ ဖြစ်စေရုံသာမက၊ ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်သော မြေပြင်အတွေ့အကြုံသစ်များ ရရှိနိုင်သည့် အခွင့်အလမ်းများကိုပါ ဆုံးရှုံးစေလျက်ရှိသည်။



> **“အမျိုးသမီးဖြစ်တဲ့အတွက်ကြောင့်မလို့ editor တွေကတော့ ရှေ့တန်းကို မလွှတ်ကြဘူးပေါ့နော်။ အမျိုးသမီးဆိုရင် မသွားနဲ့။ နောက်မှာနေ .....”**

သတင်းရယူခွင့်နှင့် ပတ်သက်လျှင်မူ အမျိုးသမီးဖြစ်ခြင်းကြောင့် သတင်းရင်းမြစ်များထံမှ ကိုယ်ချင်းစာစိတ်ဖြင့် သတင်းအချက်အလက် ပိုမိုရရှိနိုင်သည့် "Soft Power" အားသာချက်ရှိနေသည်ကို တွေ့ရပြီး၊ ဖြေဆိုသူတစ်ဦးက **"အမျိုးသမီးတွေက သတင်းပိုရနေသလိုပဲ၊ ပီဒီဖက် (PDF) ပဲဖြစ်ဖြစ်၊ အီးအာအို (ERO) ပဲဖြစ်ဖြစ် ခေါင်းဆောင်ပိုင်းက အမျိုးသမီးမေးရင် ပိုဖြေပေးတယ်"** ဟု မဲဆောက်ဦးတည်အုပ်စုဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသူတစ်ဦးက မှတ်ချက်ပြုသည်။ အလားတူပင် အမျိုးသမီးမီဒီယာသမားအများစုသည် သတင်းရင်းမြစ်နှင့် ယုံကြည်မှု တည်ဆောက်ရာတွင် ပိုမိုစိတ်ရှည်တတ်ခြင်းမှာ အမျိုးသားများထက်သာလွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ သို့သော် တစ်ဖက်တွင်မူ အဆိုပါအားသာချက်နောက်၌ ကျင့်ဝတ်ဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ကပ်ပါလျက်ရှိသည်။ သတင်းရင်းမြစ်များက အမျိုးသမီးမီဒီယာသမားများကို **"ရင်ဖွင့်ရင်းမှ တစ်ဆင့် ရည်းစားစကားပြောခြင်း"** နှင့် **"အလုပ်နှင့် မသက်ဆိုင်သော ကိစ္စရပ်များပြောဆိုခြင်း"** များ ပြုလုပ်လာတတ်ခြင်းမှာ အမျိုးသမီးများအတွက် ကြီးမားသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုဖြစ်စေရုံသာမက သတင်းကျင့်ဝတ်ကို ထိန်းသိမ်းရန်အတွက်လည်း ခက်ခဲသော အခြေအနေများကို ဖန်တီးပေးသည်။

မြေပြင်တွင် အချက်အလက်များ စုံစမ်းရာ၌လည်း အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ နယ်မြေအတွင်း သတင်းယူရာတွင် အမျိုးသမီးများကို "နူးညံ့သူ" ဟု သတ်မှတ်ကာ အရေးကြီးမြင်ကွင်းများကို ကိုယ်တိုင်မှတ်တမ်းတင်ခွင့် ကန့်သတ်ခြင်း သို့မဟုတ် **"မိန်းကလေးမို့လို့ မသွားနဲ့ဦး၊ ဓာတ်ပုံလိုချင်ရင် ငါတို့ရိုက်လာခဲ့မယ်"** (IDI-030) ဟု တားမြစ်ခံရခြင်းများသည် အမျိုးသမီးမီဒီယာသမားများ၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဂုဏ်သိက္ခာကို ထိပါးစေသည်။ ထို့ပြင် ပဋိပက္ခဒေသများတွင် ဖြစ်ပွားနိုင်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် **"တောထဲသွားရင် ကွန်ဒုံးတောင် ဆောင်သွားတယ်၊ မတရားပြုကျင့်ခံရရင် ဒါလေးတော့ သုံးပေးပါဆိုပြီး ကြိုတင်ကာကွယ်မှုတွေ လုပ်ရတယ်"** (FGD_Mae Sot) ဟု ဆိုရသည်အထိ စိုးရိမ်ထိတ်လန့်နေရသော မြေပြင်အခြေအနေမှာ လုံခြုံရေးခြိမ်းခြောက်မှု မည်မျှနက်ရှိုင်းနေကြောင်း ပြသနေသည်။

သတင်းခန်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်း အမျိုးသမီးများ၏ ဇီဝကမ္မဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍ နားလည်မှု အားနည်းခြင်းက လုပ်ငန်းခွင်အတွင်း ဖိအားတစ်ရပ် ဖြစ်စေသည်။ ဓမ္မတာလာချိန်တွင် ကြုံတွေ့ရသည့် ကျန်းမာရေးပြဿနာများနှင့် မြေပြင်ရှိ အခြေခံအဆောက်အအုံ မပြည့်စုံမှုများအပေါ် အယ်ဒီတာများဘက်မှ အသိအမှတ်ပြု ပံ့ပိုးပေးရန် ပျက်ကွက်ခြင်းသည် အမျိုးသမီးများကို သတင်းလောကတွင် ဆက်လက်ရပ်တည်ရန် ခက်ခဲစေသည့် အဟန့်အတားများ ဖြစ်နေသည်။ အလားတူပင် မြေပြင်ရှိ လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ နယ်မြေများအတွင်း သတင်းထောက်တစ်ဦး၏ လွတ်လပ်ခွင့်ကို အသိအမှတ်မပြုဘဲ တပ်စည်းကမ်းအတိုင်း ကြိမ်ဒဏ်ရိုက်ခြင်း၊ ဒိုက်ထိုးခိုင်းခြင်းကဲ့သို့သော အပြစ်ပေးမှုများပြုလုပ်ခြင်းသည် သတင်းထောက်တစ်ဦး၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရုံသာမက ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ပုံစံတစ်မျိုးပင် ဖြစ်သည်။

မြန်မာ့ပဋိပက္ခဇုန်များရှိ အမျိုးသမီးမီဒီယာသမားများသည် သတင်းခန်းအတွင်းရှိ ကာကွယ်မှုအသွင်ဆောင်သော ခွဲခြားမှု၊ မြေပြင်ရှိ လက်နက်ကိုင်များ၏ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် အဖွဲ့အစည်းအသီးသီး၏ နားလည်မှုကင်းမဲ့ခြင်းဟူသော အလွှာပေါင်းစုံမှ စိန်ခေါ်မှုများကို ရင်ဆိုင်ရင်း သတင်းမှန်ရရှိရေးအတွက် ခက်ခဲစွာ ရုန်းကန်နေကြရကြောင်း ဤလေ့လာမှုအရ သိရှိရပါသည်။

## စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုများနှင့် လုပ်ငန်းခွင်အတွင်း ကုစားရေး ယန္တရားများ၏ အကန့်အသတ်များ

မြန်မာ့ပဋိပက္ခဇုန်များတွင် သတင်းရယူနေသော အမျိုးသမီးမီဒီယာသမားများသည် စစ်ပွဲ၏ တိုက်ရိုက်သက်ရောက်မှုများကြောင့် ပြင်းထန်သော စိတ်ဒဏ်ရာကို အလွှာပေါင်းစုံမှ ရင်ဆိုင်နေရသည်။ မီဒီယာသမားအများစုသည် အနိဋ္ဌာရုံများကို တိုက်ရိုက်ထိတွေ့နေရသဖြင့် ပြင်းထန်သော စိတ်ဒဏ်ရာလက္ခဏာ များဖြစ်သည့် စိတ်ထုံထိုင်းသွားခြင်းနှင့် အာရုံခံစားမှုဆိုင်ရာ ချို့ယွင်းမှုများကို အထင်အရှား ခံစားနေရသည်။

IDI020 က

> မျက်လုံးမှိတ်လိုက်တိုင်း ခေါင်းပြတ်၊ ခြေပြတ်တွေကို မြင်နေရတယ်

ဟု မေးမြန်းမှုတွင် ဖြေဆိုထားသကဲ့သို့

IDI003 ကလည်း

> ကိုယ့်နှာခေါင်းထဲမှာ အမြဲတမ်း ယမ်းစိမ်းနံ့ကြီးရနေတာ၊ သွေးညှီနံ့ကြီးရနေတာ

ဟု ဖော်ပြချက်အရ အာရုံခံစားမှုဆိုင်ရာ စိတ်ဒဏ်ရာမည်မျှပြင်းထန်ကြောင်း ထင်ရှားနေသည်။ အဆိုပါ အကြောက်တရားသည် ပုံမှန်အသံများကိုပင် စစ်ပွဲအသံများအဖြစ် ထင်ယောင်ထင်မှားပြန်ဖြစ်စေပြီး

IDI022 က

> ပန်ကာဒလက်သံလား ဒရုန်းသံလား နားထောင်ရင်း ရင်တုန်ပြီး အိပ်မရဘူး

IDI010 ကလည်း

> ခရီးသည်တင်လေယာဉ်သံကြားရင်တောင်မှ ကတုတ်ကျင်းထဲ ပြေးဝင်တဲ့ အခြေအနေ

ကို ကြုံတွေ့နေရကြောင်း ဖြည့်စွက်ပြောဆိုထားရာ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုမှာ လုံးဝပျက်ပြားနေသည်ကို တွေ့ရသည်။

တဖက်တွင်လည်း အမျိုးသမီးမီဒီယာသမားများသည် သတင်းရင်းမြစ်များ၏ ဒုက္ခကို ကူးစက်ခံရသည့် ထပ်ဆင့်စိတ်ဒဏ်ရာနှင့် အွန်လိုင်းအကြမ်းဖက်မှုဒဏ်ကို နှစ်ထပ်ကွမ်း ခံစားနေရသည်။

IDI014

**လူ ၂၀ ကျော်သေတဲ့ ကျောင်းဗုံးကြဲခံရတဲ့ဖြစ်စဉ်မှာ ၅ ယောက်လောက် အင်တာဗျူးပြီးတော့ လူကတော်တော်ကို ပြိုင်းပြီး စိတ်က ချုံးချုံးကျသွားတယ်**

ဟု ဆိုကာ

IDI007 ကလည်း ဒဏ်ရာရသူများကို မကူညီနိုင်ခြင်းအပေါ်

**ငါတာဝန်မကျေဘူးဆိုတဲ့ ခံစားချက်နဲ့ အိပ်မပျော်တာတွေ ဖြစ်တယ်**

ဟု မိမိကိုယ်ကိုယ် အပြစ်တင်သည့် ခံစားချက်ကို ထုတ်ဖော်ခဲ့သည်။ အလားတူပင် ချင်းမိုင်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူတစ်ဦးကလည်း “ကိုယ့်ပုံကို စစ်ဗိုလ်ဦးထုပ်ဆောင်းပေးပြီး ခွေးတွေနဲ့အတူတူထိုင်နေတဲ့ပုံတွေလုပ်ပြီး ဖြန့်တာ... ကိုယ်ပိုင်အကောင့်အထိ ရှာပြီး ဖုန်းခေါ်စာပို့တာမျိုးတွေ ခံရတော့ ဒီအလုပ်လည်း ဆက်လုပ်ချင်စိတ် မရှိတော့ဘူး” ဟု ဝင်ရောက်ဆွေးနွေးထားရာ အွန်လိုင်းလိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများနှင့် ပစ်မှတ်ထား တိုက်ခိုက်မှုများသည် အမျိုးသမီးများအား အလုပ်မှ နုတ်ထွက်လိုသည်အထိ တွန်းပို့နေကြောင်း တွေ့ရှိရသည်။ ယင်းသို့ တိုက်ခိုက်မှုများအပေါ် သတင်းဌာနအများစုက ထိရောက်သော အကာအကွယ်ပေးနိုင်ခြင်းမရှိဘဲ **“ရုံးကလည်း ဘယ်လိုမှ မဖြေရှင်းတတ်ဘူး၊ အားပေးစကားပြောတာ မျိုးပဲ ရှိတယ်။ ဖြစ်လေ့ဖြစ်ထ ရှိတာပဲ ဘယ်လိုမှ လုပ်လို့မရဘူး။”** ဟူသော အဖွဲ့အစည်းဆိုင်ရာ တုံ့ပြန်မှုများမှာ သတင်းထောက်များ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကို ပိုမိုပျက်ပြားစေသည်။

အဖွဲ့အစည်းဆိုင်ရာ ကုစားမှုအပိုင်းတွင် ကြီးမားသော ဟာကွက်များရှိနေပြီး ဖြေဆိုသူများသည် ကျွမ်းကျင်ပညာရှင်များနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း ထက် လက်တွေ့ကျသော "ရှင်သန်ရေးပံ့ပိုးမှု" ကို ပိုမိုတောင်းဆိုနေကြကြောင်း တွေ့ရှိရသည်။ ကျွမ်းကျင်ပညာရှင်များနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း နှင့်ပတ်သက်၍ IDI014 က **“နှစ်သိမ့်ဆွေးနွေးပေးတာတွေ ရှိပေမယ့် ကျမအနေနဲ့ မလုပ်ချင်ဘူး။ သူစိမ်းတစ်ယောက်ကို သတင်းမီဒီယာအကြောင်းလည်း နားမလည်တဲ့ တစ်ယောက်ကို ကိုယ့်အကြောင်းတွေ မပြောပြချင်ဘူး၊ သူကရော ဘယ်လိုနှစ်သိမ့်မှာလဲ”** ဟု သံသယရှိနေသကဲ့သို့ IDI003 ကလည်း **“နှစ်သိမ့်ဆွေးနွေးပေးတာတွေ ယူရတာက စိတ်ပိုင်းဆိုင်ရာကို ပိုထိခိုက်စေတယ်လို့ မြင်တယ်၊ ပြန်ပြောပြီး တအီအီနဲ့ ငိုနေရတာကြီးက အဆင်မပြေဘူး”** ဟု ဆိုကာ လက်တွေ့ကုစားမှုထက် စိတ်ဒဏ်ရာကို ပြန်လည်နှိုးဆွသကဲ့သို့ ဖြစ်နေခြင်းအပေါ် စိုးရိမ်မှုကို ပြသခဲ့သည်။

ထိုသို့သော ကိစ္စရပ်များထက် ရှင်သန်ရေးပံ့ပိုးမှုကိုသာ ပိုမိုလိုအပ်ကြောင်းကို မဲဆောက်ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးထားသူတစ်ဦးက **“အဲဒါတွေ (Safety Gear) က မြေပြင်မှာ ပထမဦးစားပေး လိုအပ်နေတာ မဟုတ်ဘူး၊ ကျန်းမာရေးအာမခံ၊ စတိုရီဂရန့် ဒါတွေ လိုအပ်နေတာ။ ဝမ်းရေးအဓိက ဖြစ်နေတာ”** ဟု ထောက်ပြထားကာ နောက်ထပ်ဆွေးနွေးသူတစ်ဦးကလည်း **“ငွေကြေးက ဒုတိယဘုရားသခင်၊ အူမတောင့်မှ သီလစောင့်နိုင်မယ်”** ဟု ဆိုရာ စီးပွားရေးဖူလုံမှုသည် စိတ်ကျန်းမာရေးအတွက် အခြေခံအကျဆုံး ကုထုံးဖြစ်နေကြောင်း ညွှန်ပြနေသည်။

ဤအချက်များသည် ပဋိပက္ခဇုန်ရှိ အမျိုးသမီးသတင်းထောက်များအတွက် စိတ်ပိုင်းဆိုင်ရာ ကုစားမှုဆိုသည်မှာ စကားပြောရုံသက်သက်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ စီးပွားရေးဖူလုံမှုနှင့် နားလည်မှုရှိသော အဝန်းအဝိုင်းတစ်ခု ပံ့ပိုးပေးခြင်းသာလျှင် အထိရောက်ဆုံးဖြစ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

# အခန်း (၄) နိဂုံး

ဤသုတေသနပြုချက်အရ မြန်မာနိုင်ငံရှိ ပဋိပက္ခဇုန်များတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးမီဒီယာသမားများသည် အသက်အန္တရာယ်၊ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များဟူသော ဘက်ပေါင်းစုံ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း တွေ့ရှိရသည်။ ၎င်းတို့သည် လေကြောင်းအန္တရာယ်နှင့် လက်နက်ကြီးပစ်ခတ်မှုများကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် "အသားကျအောင်" ကြိုးစားရှင်သန်နေကြရသော်လည်း၊ ယင်းဖြစ်စဉ်နောက်ကွယ်တွင် ပြင်းထန်သော စိတ်ဒဏ်ရာနှင့် အမြဲတမ်းစိုးရိမ်စိတ် တို့သည် ၎င်းတို့၏ ဇီဝကမ္မနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေကို လွှမ်းမိုးလျက်ရှိသည်။

အမျိုးသမီးဖြစ်တည်မှုသည် ပဋိပက္ခဒေသများတွင် သတင်းရင်းမြစ်များနှင့် ယုံကြည်မှုတည်ဆောက်ရာ၌ အားသာချက်အချို့ရှိသော်လည်း၊ လက်တွေ့တွင်မူ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကန့်သတ်မှု၊ "ဒလန်" ဟု စွပ်စွဲခံရမှုနှင့် "ကာကွယ်မှုအသွင်ဆောင်သော ခွဲခြားမှု" တို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ဆုံးရှုံးနေရသည်။ အထူးသဖြင့် စစ်ဆေးရေးဂိတ်များနှင့် လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ၊ အွန်လိုင်းမှတစ်ဆင့် မိသားစုကို ပစ်မှတ်ထားခြိမ်းခြောက်မှုများသည် အမျိုးသမီးသတင်းထောက်များအား လုပ်ငန်းခွင်မှ နုတ်ထွက်လိုသည်အထိ ဖိအားပေးလျက်ရှိသည်။

သတင်းခန်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်း ၂၀၂၅ ခုနှစ်၏ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဘေးကင်းရေးနှင့် ဂျန်ဒါမူဝါဒများမှာ စာရွက်ပေါ်တွင်သာ ရှိနေပြီး မြေပြင်ရှိ အမျိုးသမီးများ၏ ဇီဝကမ္မဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်း အားနည်းနေသည်။ ထို့ပြင် လက်ရှိကျင့်သုံးနေသော စိတ်ပိုင်းဆိုင်ရာကုစားမှုများသည်လည်း သတင်းထောက်များ၏ ပကတိလိုအပ်ချက်ဖြစ်သော "ရှင်သန်ရေးပံ့ပိုးမှု" နှင့် အလှမ်းဝေးနေသည်။ အနှစ်ချုပ်အားဖြင့် အမျိုးသမီးမီဒီယာသမားများ၏ ဘေးကင်းရေးသည် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စီးပွားရေးဖူလုံမှုနှင့် အကာအကွယ်ပေးသည့် အဖွဲ့အစည်းဆိုင်ရာမူဝါဒများ ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှုအပေါ်တွင်သာ မူတည်နေကြောင်း သုံးသပ်ရရှိပါသည်။



# အခန်း (၅) အကြံပြုချက်များ

သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ပဋိပက္ခဒေသများတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးမီဒီယာသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် ရှင်သန်ရပ်တည်ရေးအတွက် အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။



မီဒီယာအဖွဲ့အစည်းများနှင့် သတင်းခန်းစီမံခန့်ခွဲသူများအနေဖြင့် PSHEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ ထိပါးနှောင့်ယှက်မှု တားဆီးရေး) မူဝါဒများကို စာရွက်ပေါ်တွင်သာမက လက်တွေ့ကျင့်သုံးနိုင်သော စံလုပ်ထုံးလုပ်နည်းများအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်သည်။ ယင်းတွင် လုံခြုံစိတ်ချရသော တိုင်ကြားမှုယန္တရားများ ထားရှိခြင်းနှင့် ကျူးလွန်သူများအား ထိရောက်စွာ အရေးယူမည့် စည်းမျဉ်းများ ပါဝင်ရမည်ဖြစ်ပြီး၊ မြေပြင်ရှိ လက်နက်ကိုင်အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းရာတွင်လည်း အမျိုးသမီးသတင်းထောက်များ၏ ဘေးကင်းရေးကို အဖွဲ့အစည်းအဆင့်မှ တာဝန်ယူဆောင်ရွက်ပေးရမည်။ ထို့ပြင် အမျိုးသမီးသတင်းထောက်များအား ဘေးကင်းရေးကို အကြောင်းပြ၍ ရှေ့တန်းသတင်းရယူခွင့် ကန့်သတ်မည့်အစား၊ ၎င်းတို့၏ ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် အန္တရာယ်ဇုန်အတွင်း ရှင်သန်နေထိုင်နည်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းဖြင့် "ကာကွယ်မှုအသွင်ဆောင်သော ခွဲခြားမှု" ကို ကျော်လွှားရမည် ဖြစ်သည်။ အထူးသဖြင့် ၂၀၂၅ ဘဏ္ဍာရေးအကျပ်အတည်းအတွင်း သတင်းထောက်များ၏ အခြေခံဝမ်းရေးအတွက် စာမူခနှင့် လစာများကို ပုံမှန်ပေးချေနိုင်ရန် ကြိုးပမ်းခြင်း၊ ဘေးကင်းရေးစရိတ်နှင့် ကျန်းမာရေးအာမခံများ စီစဉ်ပေးခြင်းသည် စိတ်ကျန်းမာရေးအတွက် အခြေခံအကျဆုံးသော ရှင်သန်ရေးပံ့ပိုးမှုပင် ဖြစ်သည်။

အလှူရှင်များနှင့် နိုင်ငံတကာပံ့ပိုးကူညီသူများအနေဖြင့် လက်ရှိကျင့်သုံးနေသော နှစ်သိမ့်ဆွေးနွေးခြင်း တစ်ခုတည်းကိုသာ အားကိုးခြင်းထက်၊ သတင်းထောက်များ၏ ပကတိလိုအပ်ချက်နှင့် ကိုက်ညီသော ဘက်စုံလွှမ်းခြုံသော စိတ်ပိုင်းဆိုင်ရာ ကုစားမှုများအတွက် ရန်ပုံငွေ ခွဲဝေပေးသင့်သည်။ ၎င်းတွင် သတင်းထောက်အချင်းချင်း အားပေးကူညီနိုင်မည့် Peer Support Groups များ၊ စိတ်ဒဏ်ရာပြင်းထန်သူများအတွက် အလုပ်မှ ယာယီအနားယူခွင့်နှင့် ဒုတိယဆင့် စိတ်ဒဏ်ရာကို ကုစားပေးမည့် အထူးအစီအစဉ်များ ပါဝင်ရမည်။ ထို့အတူ အမျိုးသမီးမီဒီယာသမားများအတွက် မရှိမဖြစ်လိုအပ်သော ဇီဝကမ္မဆိုင်ရာ ကျန်းမာရေးပစ္စည်းများ၊ အမျိုးသမီးခန္ဓာကိုယ်နှင့် ကိုက်ညီသော ဘေးကင်းရေးကိရိယာများနှင့် အရေးပေါ် ရွှေ့ပြောင်းနားခိုရန် လုံခြုံသောနေရာများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ကို ကာလရှည်စီမံကိန်းများတွင် ထည့်သွင်းပံ့ပိုးပေးရန် လိုအပ်ပါသည်။

လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မီဒီယာကွန်ရက်များအနေဖြင့်လည်း နယ်မြေခံအဖွဲ့အစည်းများ၏ ကျင့်ဝတ်စည်းကမ်းများတွင် သတင်းထောက်များ၏ လွတ်လပ်စွာ သတင်းရယူခွင့်နှင့် လူသားဂုဏ်သိက္ခာကို လေးစားရန် ထည့်သွင်းနိုင်ရေးအတွက် အပြုသဘောဆောင်သော ညှိနှိုင်းမှုများ ပြုလုပ်ရမည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် ဂျန်ဒါအခြေပြု အနိုင်ကျင့်ခြင်းနှင့် "ဒလန်" ဟု စွပ်စွဲခြင်းများ မပြုလုပ်ရန် အောက်ခြေတပ်သားများအထိ သိရှိစေမည့် အသိပညာပေးမှုများ လုပ်ဆောင်ရန် အရေးကြီးသည်။ တစ်ချိန်တည်းမှာပင် မြေပြင်တွင် အရေးပေါ်ကျန်းမာရေးပြဿနာ ကြုံရခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းများအတွက် ချက်ချင်းတိုင်ကြားနိုင်ပြီး လက်တွေ့ကျကျ အကာအကွယ်ပေးနိုင်သည့် အရေးပေါ်တုံ့ပြန်ရေးနှင့် အကာအကွယ်ပေးရေးကွန်ရက်များကို အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမြန်ဆုံး ဖော်ဆောင်ရန် အကြံပြုအပ်ပါသည်။

Myanmar
Women
in Media



# ရှေ့တန်းမျက်နှာစာမှ
# အမျိုးသမီးတို့၏
# အသံများ

အာဏာသိမ်းပြီး ငါးနှစ်အတွင်း မြေပြင်မှာ သတင်းရယူနေတဲ့ အမျိုးသမီးဂျာနယ်လစ်များ